ကြေးမုံ
The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ ကြာသပတေးနေ့ (10-10-2013) (၇၆၂၉)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖီဂျီနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်သည့် ဖီဂျီသမ္မတနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖီဂျီသမ္မတနိုင်ငံသမ္မတ ဗိုလ်မှူးချုပ် ရာတူ ပီလီ နာလ်တီးကူးရ်၊ စီအက်ဖ်၊ အယ်လ်ဗွီအို၊ အိုဘီအီး၊ အမ်အက်စ်ဒီ၊ ကေအက်စ်တီဂျေ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်သည့် ဖီဂျီသမ္မတနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖီဂျီသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရေတပ်ဗိုလ်မှူးချုပ် ရာတူ ဂျိုဆိုယာ ဗော့ခ် ဘိုင်နီမာရာမ၊ စီအက်ဖ်၊ အမ်အက်စ်ဒီ၊ အိုအက်စ်တီဂျေ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အဖွဲ့ဝင်နိုင်ငံအတွင်းနှင့် နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန် ဆောင်ရွက်ရမည်

ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။** (အောက်ပုံ)

ထိပ်သီးအစည်းအဝေးသို့ ဘရူနိုင်းဒါရူဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုကီးယား မူအစ်ဇာဒင်ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလိုဘမ်ဘန်းယူဒိုယိုနို၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတွတ်ဆရီမိုဟာမက်နာဂျစ်တွန်း အဗ္ဗဒူလ်ရာဇတ်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နိုအကွီနို၊ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လပ်ရှင်နာဝပ်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်၊ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**




# မုန်တိုင်းငယ်ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းသို့ ရောက်ရှိခဲ့ပြီး ပုသိမ်မြို့၏ အနောက်တောင်ဘက်မိုင် ၂၃၀ ခန့်၊ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် မိုင် ၆၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ မုန်တိုင်းငယ်၏အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံကမ်းခြေသို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟု သတ်မှတ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ငါးဖမ်းရေယာဉ်ငယ်များအနေဖြင့် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းခြင်းကို ရှောင်ရှားကြရန် အသိပေးအပ်ပါကြောင်းဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**(၉-၁၀-၂၀၁၃)**

| | | |
|---|---|---|
| ကျောက်တော် | ၃ ဒသမ ၄၃ | လက်မ |
| ကျောက်သောင်း | ၃ ဒသမ ၂၆ | လက်မ |
| ကိုကိုးကျွန်း | ၂ ဒသမ ၀၄ | လက်မ |
| လောင်းလုံ | ၂ ဒသမ ၄၀ | လက်မ |
| ထားဝယ် | ၂ ဒသမ ၂၃ | လက်မ |
| ဇောင်းတူ | ၁ ဒသမ ၉၇ | လက်မ |

## ဟံသာဝတီအသင်းကိုမကွေးအသင်းပင်နယ်တီဖြင့်အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၉**

၂၀၁၃ MNL Cup ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ မကွေးအသင်းက ဟံသာဝတီအသင်းကို ပင်နယ်တီဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

**မကွေး - ငါးဂိုး**
**ဟံသာဝတီ - လေးဂိုး**

မကွေးအသင်းနှင့်ဟံသာဝတီအသင်းတို့မှာ ဗိုလ်လုပွဲတက်ရေး အစွမ်းကုန်ကြိုးစားကစားခဲ့ပြီး သာမန်ပွဲကစားချိန်မိနစ် ၉၀ အထိ အဖြေမပေါ်

**သတင်း - စိုင်းညီလေး**

ခဲ့ဘဲပင်နယ်တီအဆုံးအဖြတ်ဖြင့်အဖြေပေါ်ခဲ့သည်။ ပထမပိုင်းတွင် ဟံသာဝတီအသင်း ခြေအသာရခဲ့ပြီး ပိုဖိကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းခွင့်များကို အသုံးချနိုင်ခြင်းမရှိခဲ့ပေ။ အချိန်ပိုတွင်လည်း ဂိုးမရှိသရေ ဖြစ်နေသောကြောင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရသည်။ ယင်းပွဲစဉ်တွင် မကွေးအသင်းမှ သန့်ဇင်ဝင်း၊ စိုးမင်းနိုင်၊ နေမင်းထွန်း၊ ညီညီဇော်နှင့် နန္ဒကျော်တို့

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



ကြေးမုံ စာတည်းရှုထောင့် ၁၀-၁၀-၂၀၁၃၊ ကြာသပတေးနေ့

# စေတနာ့လုပ်အားပေးလူငယ်

စေတနာ့လုပ်အားပေး(သို့မဟုတ်) Volunteer သည် တစ်စုံတစ်ဦး၏ ခိုင်းစေမှု၊ အမိန့်ပေးမှု၊ တာဝန်ပေးမှုမပါ အကျိုးအမြတ်ပဓာနမထားဘဲ မိမိဆန္ဒဖြင့် အများအကျိုးသယ်ပိုးဆောင်ရွက်သူအားလုံးနှင့်သက်ဆိုင်သည့် ဝေါဟာရဖြစ်သည်။

Volunteer ကို ကျား၊ မ မရွေး အသက်အရွယ်ကန့်သတ်ချက်မရှိ လုပ်ကိုင်နိုင်သည်။ Volunteer လုပ်သူတိုင်း၏ အန္တိမရည်မှန်းချက်မှာ လုပ်ငန်းဆောင်တာတစ်ခုခုကို အအောင်မြင်ဆုံး၊ အကောင်းဆုံးဖြင့် ပြီးဆုံးသည်အထိ တာဝန်ယူလုပ်ကိုင်ခြင်းပင်ဖြစ်သည်။

နိုင်ငံတိုင်းတွင် Volunteer လုပ်သူများကို နေရာစုံ၌ ပုံစံမျိုးစုံဖြင့် တွေ့မြင်နိုင်သည်။ Volunteer များများတွေ့ရသည့် နိုင်ငံအများစုသည် ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည်ကို လေ့လာသိရှိရသည်။ ဖွံ့ဖြိုးဆဲနှင့် မဖွံ့ဖြိုးသေးသည့် နိုင်ငံများတွင်မူ Volunteer များကို အနည်းငယ်သာတွေ့ရပေလိမ့်မည်။ အများအကျိုးကို ကူညီလုပ်ဆောင်ရန်မှာ လူတစ်ဦးချင်းစီ၏ ဘဝရပ်တည်မှုအာမခံချက်ကလည်း အဓိကကျသည့်အခန်းကဏ္ဍဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပြည့်စုံလာချိန်တွင် Volunteer များ ပိုမိုများပြားစွာ ပူးပေါင်းပါဝင်လာနိုင်ကြပေမည်။

မကြာမီကာလတွင် မြန်မာနိုင်ငံ၌ Volunteer များ၏ အခန်းကဏ္ဍတစ်ရပ်ပေါ်ထွက်လာတော့မည်။ အဆိုပါ အခွင့်အရေးကြီးကား နှစ်ပေါင်း ၄၄ နှစ်ကြာမှ ပြန်လည်ကျင်းပခွင့်ရသည့် အရှေ့တောင်အာရှအားကစားပွဲတော်ကြီးပင်ဖြစ်သည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ဒေသတို့တွင် ပြိုင်ပွဲများကျင်းပမည်။ အားကစားအဖွဲ့များ၊ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ၊ အားကစားအဖွဲ့ချုပ်များနှင့် ပြည်ပနိုင်ငံများမှ လာရောက်အားပေးကြမည့် ပရိသတ်များကို လမ်းညွှန်ကူညီပံ့ပိုးပေးရန်အတွက် Volunteer အင်အား ၃၆၀၀ ကျော် လိုအပ်လျက်ရှိသည်။ လာရောက်လျှောက်ထားကြသည့် Volunteer အရေအတွက်မှာ များစွာရှိနေသည်ကို ကြားသိရသည့်အတွက် ဝမ်းသာပီတိဖြစ်ရသည်။ ထပ်မံလိုအပ်လျက်ရှိသေးသည့်အတွက် လူငယ်များအနေဖြင့် ယခုလိုအားကစားပွဲတွင် မိမိတို့တတ်နိုင်သည့်နေရာများမှ ပါဝင်ကူညီအားဖြည့်စေချင်သည်။ ၂၀၁၃ ဆီးဂိမ်းအားကစားပွဲကို မြန်မာလုပ်အားပေးစေတနာ့လူငယ်များ၏ စုပေါင်းညီညွတ်မှုအားဖြင့် ပေါင်းစပ်လိုက်မည်ဆိုပါက လစ်ဟာမှုမရှိ ပြည့်စုံသည်ထက် ပြည့်စုံပေမည်။ "တစ်ယောက်အားနှင့်ယူသော်မရ စုပေါင်းအားဖြင့် ယူသော်ရ၏" ဆိုသကဲ့သို့ဖြစ်သည်။ ကောင်းသည်ထက်ကောင်းသည့် ပွဲတော်ကြီးတစ်ခုအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

၂၀၁၃ ဆီးဂိမ်းကို အမျိုးသားရေးတစ်ရပ်အဖြစ်ရှုမြင်ကာ နိုင်ငံအတွက် တစ်ထောင့်တစ်နေရာမှ ကျရာတာဝန်ကို စေတနာရှေ့ထား ဆောင်ရွက်ကြရမည်။ နိုင်ငံ၏စည်ပင်ဝပြောမှု၊ တိုးတက်အောင်မြင်မှုများကို နိုင်ငံရှိ လူငယ်များကသာ ဖော်ညွှန်းပြဆိုနိုင်သည့်အတွက် Volunteer များ၏ အရည်အချင်း၊ ကိုယ်ရည်ကိုယ်သွေးများကို မျှော်လင့်လျက်ရှိသည်။

Volunteer လုပ်ကိုင်ကြမည့်သူများသည် ဒေသန္တရဗဟုသုတကြွယ်ဝကြေညက်ဖို့လိုသလို နိုင်ငံ၏နိုင်ငံရေး အခြေအနေ၊ စီးပွားရေးအခြေအနေ၊ လူမှုရေးအခြေအနေများကိုလည်း မှန်မှန်ကန်ကန်သိထားဖို့လိုအပ်ပေသည်။ နိုင်ငံခြားဘာသာစကားတစ်ခုခုကို ပိုင်ပိုင်နိုင်နိုင်ပြောဆိုတတ်ရန်မှာလည်း မဖြစ်မနေလိုအပ်ချက်တစ်ခုတွင် ပါဝင်လျက်ရှိသည်။

သို့ဖြစ်၍ ၂၀၁၃ ဆီးဂိမ်းတွင် ကိုယ်ကျိုးမဖက်သည့် စေတနာ့လူငယ်များ ပီပီ နှစ်လိုဖွယ်အပြုံးကိုယ်စီဖြင့် ဧည့်ဝတ်ကျေပွန်မှု၊ ဖြူစင်ရိုးသားမှု၊ တတ်သိလိမ္မာမှုတို့နှင့်အတူ မြန်မာစေတနာလုပ်အားပေးလူငယ်များ၏ စွမ်းပကားကို ပြသကြတော့မည်ဟု ကြေးမုံကယုံကြည်ပါသည်။ ။

## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယင်းမာပင်မြို့နယ်အတွင်း အိမ်ခြေ ၈၀ ခန့် ရေဝင်

**ယင်းမာပင် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ရှိ (ခ)ရပ်ကွက်၊ (ခ)တိုးချဲ့ရပ်ကွက်၊ (ဃ)ရပ်ကွက်များသို့ အောက်တိုဘာ ၈ ရက် ညနေ ၃ နာရီခန့်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယင်းမာပင်မြို့အနီး ပုန်းချောင်းနှင့် ရိုးချောင်းများမှ ရေများ တစ်ပေခွဲခန့် (လူကြီးဒူးခန့်) ဝင်ရောက်ကြောင်း သိရသည်။

မိုးရွာမှုကြောင့် အဆိုပါရပ်ကွက် သုံးရပ်ကွက်မှ အိမ်ခြေ ၈၀ ခန့်ရေဝင်ပြီး ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ဘော်ဒါဆောင် သုံးဆောင် ရေနစ်မြုပ်ခဲ့ကာ ယင်းမာပင်မြို့ရှောင်လမ်းမပေါ် ရေကျော်လျက်ရှိကြောင်း၊ အောက်တိုဘာ ၉ ရက် မွန်းတည့် ၁၂ နာရီခန့်အထိ ရေမကျသေးကြောင်းသိရသည်။

ရေဝင်ရာရပ်ကွက်ရှိ ဒေသခံများအနေဖြင့် ရေလွတ်ရာ ရပ်ကွက်များ၊ ဆွေမျိုးသားချင်းများ၏ နေအိမ်များ၊ အမြင့်လမ်းမဘေးတွင် ယာယီတဲများဆောက်လုပ်၍ လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် လည်းကောင်း ခေတ္တနေထိုင်လျက်ရှိရာ ယင်းမာပင်ခရိုင် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ မြို့နယ် တာဝန်ရှိသူများနှင့်အတူ ယင်းမာပင်မြို့ သင်္ဂဟလူမှုကူညီရေးအသင်းမှ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်အတူ ထမင်းထုပ်များ လိုက်လံဝေငှလျက်ရှိကြောင်း သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၉**

| | | |
|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၈၆၀၀ - ၆၈၉၆၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၈၆၀၀ - ၆၈၉၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၁. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၁၈. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၅၈. ၆၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၉၃၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၃. ၁၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၆၇၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၉၉. ၅၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၀. ၃၆၃ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၅. ၂၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၆. ၉၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## အခွန်တံဆိပ်ခေါင်းများ လိုသလောက်ရချင်

**ကျွဲပွဲ အောက်တိုဘာ ၉**

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည်ဖြစ်ရာ ရောင်းရေးဝယ်တာကြွေးမြီကိစ္စများ ယှဉ်တွဲပေါ်ပေါက်လျက်ရှိသည်။ပြည်သူများအတွက် ဥပဒေနှင့်အညီ စာချုပ်စာတမ်းများချုပ်ဆိုလုပ်ကိုင်လာစေရန်၊ အကျင့်ကောင်းများ လိုက်နာစေရန် အသိပညာပေးရပါမည်။

ထိုစာချုပ်စာတမ်းများပြုလုပ်ချုပ်ဆိုရန် အခွန်တံဆိပ်ခေါင်းများကို လိုအပ်သည့်အချိန် လိုအပ်သလောက် ဝယ်ယူရရှိရန် လိုသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်၌ မေးမြန်းချက်အပေါ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဖြေကြားရာတွင် တံဆိပ်ခေါင်းများကို လိုအပ်သလောက် ရောင်းချနိုင်ရန် ရိုက်နှိပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့သည်။ သို့သော်လည်း မြို့နယ်ရုံးများတွင် လိုအပ်သည့် အမျိုးအစားကို လိုအပ်သလောက် ဝယ်ယူခွင့်မရရှိဘဲ အကန့်အသတ်ဖြင့်သာ ရောင်းချနေသည်။

တံဆိပ်ခေါင်းသည် နိုင်ငံခြားသို့မှောင်ခိုရောင်းချနိုင်သည့် ပစ္စည်းမဟုတ်သည့်အပြင် (လိုအပ်သူ)လုပ်ငန်းလုပ်ကိုင်သူများသာ ဝယ်ယူကြခြင်းဖြစ်ရာ များများရောင်းချရလေ နိုင်ငံတော်မှ အခွန်များများရရှိလေဖြစ်သည်။ သို့မှသာ ပြင်ပတွင် မှောင်ခိုရောင်းဝယ်ခြင်းများ ပပျောက်သွားမည်ဖြစ်သည်။

မြို့နယ်အခွန်ဦးစီးဌာနရုံးများ၌ အသုံးများသော အခွန်တံဆိပ်ခေါင်းများကို လိုအပ်သလောက် ဝယ်ယူခွင့်ရှိစေလိုကြောင်း ရှေ့နေများထံမှ သိရသည်။

**(၁၅၁)**





ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းဒါရူဆလမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**ဘန်ဒါဆရီဘီဂါဝန်　　အောက်တိုဘာ　　၉**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အောက်တိုဘာ ၈ ရက် ညပိုင်းတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ မြန်မာသံအမတ်ကြီးနေအိမ်၌ သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်၊ သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် မြန်မာပညာတော်သင်များနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက သံရုံးဝန်ထမ်းများအား နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုအခြေအနေများ၊ အာဆီယံ-မြန်မာဆက်ဆံရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒများနှင့် သံတမန်ဝန်ထမ်းများ၏ တာဝန်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပညာတော်သင်များအနေဖြင့်လည်း မိမိတို့သင်ကြားလျက်ရှိသည့် ပညာရပ်များကို ကြိုးစားဆည်းပူးလေ့လာကြရန်နှင့် သင်ကြားတတ်မြောက်လာသည့် ပညာများကို နိုင်ငံတည်ဆောက်ရေးတွင် ထိရောက်စွာအသုံးချကြရန်မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများအား အမှတ်တရလက်ဆောင်များ**(ယာပုံ)**နှင့် မြန်မာပညာတော်သင်များအား ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။

**(သတင်းစဉ်)**





**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဘရူနိုင်းဘုရင့်နန်းတော် တော်ဝင်ထမင်းစားခန်းမဆောင်တွင် ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင့်ကြင်ယာတော်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး ဘရူနိုင်းမြစ်အတွင်း လှည့်လည်လေ့လာ

**ဘန်ဒါဆရီဘီဂါဝန် အောက်တိုဘာ ၉**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ ဘုရင့်နန်းတော်၌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင့်ကြင်ယာတော်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ၏ဇနီးသည် နံနက် ၁၁ နာရီတွင် ဘရူနိုင်းဘုရင့်နန်းတော်သို့ ရောက်ရှိရာ ဘုရင့်ကြင်ယာတော်က ခင်မင်ရင်းနှီးစွာကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဘရူနိုင်းဘုရင့်ကြင်ယာတော်၊ အာဆီယံနိုင်ငံများမှခေါင်းဆောင်များ၏ ဇနီးများနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးတို့သည် တော်ဝင်ထမင်းစားခန်းမဆောင်သို့ သွားရောက်ကြပြီး ခန်းမအတွင်း ပြသထားသည့် ဘရူနိုင်း ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုနှင့် လက်မှုပညာပစ္စည်းများ၊ ရိုးရာတူရိယာများ တီးခတ်ပြသနေမှုနှင့် ရိုးရာစားသောက်ဖွယ်ရာများပြုလုပ်ပြသမှု၊ ရိုးရာလက်ထပ်မင်္ဂလာပွဲကျင်းပပုံသရုပ်ပြသမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဘရူနိုင်းဘုရင့်ကြင်ယာတော်က အာဆီယံနိုင်ငံခေါင်းဆောင်များ၏ ဇနီးများ၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးနှင့် တက်ရောက်လာသူများအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ဘရူနိုင်းဘုရင့်ကြင်ယာတော်၊ အာဆီယံနိုင်ငံခေါင်းဆောင်များ၏ ဇနီးများနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ ဇနီးတို့နှင့်အတူ ဘရူနိုင်းမြစ်အတွင်း သီးသန့်သင်္ဘောဖြင့် လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။ **(သတင်းစဉ်)**

● **ဟံသာဝတီမှ**

ငါးဂိုးစလုံးဝင်ပြီး ဟံသာဝတီအသင်းမှာမူ ချစ်ကိုကို၊ အောင်မင်းညွန့်၊ ရဲလင်းနောင်နှင့် ပိုင်မိုးဝေတို့ ဂိုးဝင်ကာ အောင်အောင်ဦး၏ နောက်ဆုံးပယ်နယ်တီလွဲချော်ခဲ့၍ မကွေးအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲကို အောက်တိုဘာ ၁၂ ရက်တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ကမ္ဘောဇအသင်းနှင့် မကွေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အောက်ဖော်ပြပါ ပရိဘောဂများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| ပရိဘောဂပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|
| (၁) စာရေးစင်ပါကုလားထိုင်(သံကိုယ်ထည်အခင်းကြိတ်သား) | ၅၀၀ လုံး |
| (၂) အလူမီနီယံ (Cabinet) ၄ဆင့်သံဘီရို | ၂၄ လုံး |
| (၃) ယူပုံစံအစည်းအဝေးစားပွဲ | ၁ စုံ |
| (၄) ဆိုဖာဆုံလည်ထိုင်ခုံ | ၅၀ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၀-၁၀-၂၀၁၃ရက်မှ ၁၆-၁၀-၂၀၁၃ ရက်နေ့ ၀၉း၀၀နာရီ နောက်ဆုံးထား၍ ရောင်းချသွားမည်ဖြစ်ပြီး လျှောက်လွှာလက်ခံခြင်းနှင့် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြေညာခြင်းအား တစ်ရက်တည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-02-50003၊ 02-50004 Ext 243 တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)
ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး


# မြန်မာနိုင်ငံသား ရေလုပ်သား ၃၇ ဦး အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် အောက်တိုဘာ ၉**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဆာဘန်းဆိပ်ကမ်းမြို့တွင် တရားမဝင်ငါးဖမ်းမှုဖြင့် ထိန်းသိမ်းခံနေရသည့် မြန်မာနိုင်ငံမှ ရေလုပ်သား ၃၇ ဦးသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အစီအစဉ်ဖြင့် ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

ပြန်လည်ရောက်ရှိလာကြသည့် ရေလုပ်သား ၃၇ ဦးမှာ မွန်ပြည်နယ်မှ ငါးဦး၊ ကရင်ပြည်နယ်မှ လေးဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ခြောက်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ငါးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ သုံးဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦးနှင့် မကွေးတိုင်းဒေသကြီးမှ တစ်ဦးတို့ဖြစ်ကြသည်။ **(အောက်ပုံ)**

အဆိုပါရေလုပ်သားများ မြန်မာနိုင်ငံသို့ ပြန်လာနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက လေယာဉ်ခ ယူရိုနှစ်သောင်း အကုန်အကျခံ၍ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ငွေကျပ် ၂၃၆၇၂၆ တန်ဖိုးရှိ ပုဆိုး၊ အင်္ကျီ၊ မျက်နှာသုတ်ပဝါနှင့် ဆပ်ပြာများ ထောက်ပံ့ခဲ့ပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ပြည်တွင်းခရီးစရိတ်နှင့် စားစရိတ်အတွက် ငွေကျပ် ၂၆၁၄၀၀၀ အကုန်အကျခံကာ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်သည်။



အဆိုပါ ရေလုပ်သား ၃၇ ဦးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုခဲ့ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များထံ စနစ်တကျလွှဲပြောင်းပေးကြသည်။

**(သတင်းစဉ်)**

# လူဝင်မှုကြီးကြပ်ရေးဥပဒေ ပြင်ဆင်ပြောင်းလဲရန် တောင်းဆိုဆန္ဒပြသူ အမတ်ရှစ်ဦး အဖမ်းခံရ

**ဝါရှင်တန်  အောက်တိုဘာ  ၉**

လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းဆိုင်ရာဥပဒေများအား ပြင်ဆင်ပြောင်းလဲရေးပြုလုပ်ရန် တောင်းဆိုဆန္ဒပြသည့် လူထောင်ပေါင်းများစွာနှင့်အတူ မြို့တော်ဝါရှင်တန်၌ စုဝေးခဲ့ကြသော အမေရိကန် ကွန်ဂရက်လွှတ်တော်အမတ်ရှစ်ဦး အဖမ်းခံခဲ့ကြရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက အောက်တိုဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အောက်တိုဘာ ၈ ရက်က စုဝေးချီတက်လာကြသော ဆန္ဒပြသူများသည် အမေရိကန်ကွန်ဂရက်လွှတ်တော် အဆောက်အအုံအနီးရှိ လမ်းတစ်လမ်းကို ပိတ်ဆို့ခဲ့ကြသဖြင့် ရဲတပ်ဖွဲ့က ဆန္ဒပြသူအချို့ကို ရှင်းလင်းဖယ်ရှားနိုင်ရန် ကြိုးပမ်းခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း ပြုပြင်ပြောင်းလဲရန် တောင်းဆိုသည့်ဆန္ဒပြပွဲ၌ ပြည်သူ ၁၀၀၀၀ ခန့် ပါဝင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဥပဒေများအား အောက်ခြေသိမ်းပြုပြင်ပြောင်းလဲမည့် အစီအစဉ်ကို လျင်မြန်စွာ အတည်ပြုပေးရန် ကွန်ဂရက်လွှတ်တော်အား ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးဥပဒေများအား ပြင်ဆင်ပေးခြင်းဖြင့် အမေရိကန်ပြည်ထောင်စုအတွင်း တရားမဝင် နေထိုင်လျက်ရှိသော အလုပ်သမား ၁၁သန်းမှာ တရားဝင် နေထိုင်ခွင့်ရှိလာမည်ဖြစ်သည်။ ဆန္ဒပြသူအချို့နှင့်အတူ အမတ်ရှစ်ဦး အဖမ်းခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**




လူဝင်မှုကြီးကြပ်ရေးဥပဒေများအား ပြင်ဆင်ပြောင်းလဲရန် တောင်းဆိုသည့် ပြည်သူများနှင့်အတူ အမတ်များအား တွေ့ရစဉ်။

# သားမင်္ဂလာပွဲ ကြွားကြွားဝါဝါ ကျင်းပပေးသည့်ဖခင် တာဝန်မှ ဖယ်ရှားခံရ

**ပေကျင်း  အောက်တိုဘာ  ၉**

တရုတ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၆၀၀၀၀ နှင့် ညီမျှသော ယွမ်ငွေ ၁ ဒသမ ၆ သန်းအကုန်အကျခံကာ သားဖြစ်သူ၏ မင်္ဂလာလက်ထပ်ပွဲကို ကြွားကြွားဝါဝါ ကျင်းပပေးသည့်အတွက် ကျေးရွာတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား တာဝန်မှဖယ်ရှားလိုက်ကြောင်း နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

အဆိုပါမင်္ဂလာပွဲမှာ သုံးရက်ကြာ ကျင်းပခြင်းဖြစ်ပြီး ကြွရောက်လာကြသည့် ဧည့်သည်တော်များအား ဇိမ်ခံကားကြီးများဖြင့် အပို့အကြိုပြုလုပ်ခဲ့သည့်အပြင် နာမည်ကျော် အနုပညာရှင်များဖြင့် ဖြေဖျော်ခဲ့သည်။

ပေကျင်းမြို့စွန်ရှိ ကျေးရွာတစ်ရွာ၏ ဒုတိယအကြီးအကဲဖြစ်သော မင်္ဂလာပွဲကျင်းပပေးသူဖခင် မာလင်ကျန်းက မင်္ဂလာပွဲ၏ ကုန်ကျစရိတ်အများအပြားကို သတို့သမီး၏ မိဘများက ကျခံခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူလူထု၏ခေါင်းထဲ၌ အမြင်မကြည်လင်မှု ဖြစ်ပေါ်နေစဉ် ချမ်းသာကြွယ်ဝမှုကို ဂုဏ်ဖော်သည့်လုပ်ရပ်များ မပြုလုပ်ကြရန် တာဝန်ရှိသူအားလုံးအား တရုတ်ခေါင်းဆောင်ပိုင်းက သတိပေးထားပြီးဖြစ်သည်။

ပကာသနဖက်၍ ငွေဖြုန်းတီးသော ယင်းမင်္ဂလာပွဲကို လွန်ခဲ့သည့် သီတင်းပတ်အတွင်း တရားဝင်ရုံးပိတ်ရက်တစ်ရက်၌ ကျင်းပခဲ့ခြင်းဖြစ်သည်ဟု ပေကျင်းနျူးစ်က ဖော်ပြသည်။

မာလင်ကျန်း၏ ရွာတည်ရှိရာ ကာအိုယန်ခရိုင်၏ ကွန်မြူနစ်ပါတီ စည်းကမ်းထိန်းသိမ်းရေးကော်မရှင်က ၎င်းကို တာဝန်မှရပ်စဲခဲ့သည်ဟု နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အဂတိလိုက်စားမှု ကြီးထွားလျက်ရှိသည့် တရုတ်နိုင်ငံတွင် ထိပ်ပိုင်းပုဂ္ဂိုလ်များ၏မိသားစုများ၌ ဤကဲ့သို့သော မင်္ဂလာပွဲများကျင်းပသည့်အခါ ယင်းမင်္ဂလာပွဲသည် မင်္ဂလာလက်ဖွဲ့အသွင်ဖြင့် လာဘ်ပေးလာဘ်ယူမှုပြုလုပ်ရာ အခမ်းအနားသဖွယ်ဖြစ်သွားသည်ဟု ဆိုကြသည်။

ကျေးရွာဒုတိယအကြီးအကဲတစ်ဦးအနေဖြင့် ဤမျှများပြားသောငွေများကို မည်ကဲ့သို့သုံးစွဲနိုင်သနည်း၊ နောက်ကွယ်တွင် အကြံအဖန်များရှိရမည်ဟု တရုတ်အွန်လိုင်းဖိုင်ဘိုတွင် ရေးသားထားသည်။

**ဘီဘီစီ။**



# ဓာတ်ငွေ့ရည်သိုလှောင်ကန်၌ ပေါက်ကွဲ လေးဦးသေဆုံး၊ ၁၄ ဦး ဒဏ်ရာရရှိ

**ကျီနန်း  အောက်တိုဘာ  ၉**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်းတုန်းပြည်နယ်တွင် အောက်တိုဘာ ၈ရက် ညနေပိုင်းက ဓာတ်ငွေ့ရည်သိုလှောင်ကန်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ ယင်းဖြစ်စဉ်ကြောင့် လူလေးဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက အောက်တိုဘာ ၉ရက်တွင် ပြောကြားသည်။

ပေါင်ဇင်းစီရင်စု ပင်ကျိုးမြို့ရှိ ပေါင်ဇင်းချန်ဂလီ သဘာဝဓာတ်ငွေ့ဖြန့်ချိရေးကုမ္ပဏီတွင် ညနေ ၅နာရီ ၅၇ မိနစ်ခန့်က အဆိုပါပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးဌာန အကြီးအကဲက ပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဆင်ဟွာ။**



မီးလောင်မှုဖြစ်ပွားသော အထည်ချုပ်စက်ရုံ၏ အပျက်အစီးများကို တွေ့ရစဉ်။

# ဘင်္ဂလားဒေ့ရှ်၌ အထည်ချုပ်စက်ရုံမီးလောင် ခုနစ်ဦးထက်မနည်းသေဆုံး၊ ၅၀ ခန့်ဒဏ်ရာရ

**ဒါကာ  အောက်တိုဘာ  ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ ဆင်ခြေဖုံးတွင်ရှိသော အထည်ချုပ်စက်ရုံ၌ မီးလောင်ကျွမ်းရာ လူခုနစ်ဦးထက်မနည်း သေဆုံးကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

ဒါကာမြို့မြောက်ဘက် ကီလိုမီတာ ၄၀ ခန့်ကွာဝေးသော ဂါဇီပါးမြို့ရှိ နှစ်ထပ်အထည်ချုပ်စက်ရုံ၌ အောက်တိုဘာ ၈ရက်နှောင်းပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ အလုပ်သမား ၅၀ ခန့် ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းများတွင် ဖော်ပြသည်။

မီးလောင်မှုဖြစ်ပွားသောနေရာသို့ မီးသတ်သမားများ ရောက်ရှိလာပြီး မီးကိုထိန်းချုပ်နိုင်ခဲ့ကြောင်း၊ စက်ရုံ၏ အချို့အစိတ်အပိုင်းများတွင်မူ တငွေ့ငွေ့ဆက်လက်လောင်ကျွမ်းလျက်ရှိကြောင်း၊ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို မသိရသေးကြောင်း၊ သို့ရာတွင် ဇာပန်းထိုးသည့်ဌာနမှ စတင်လောင်ကျွမ်းသည်ဟု ယူဆရကြောင်း မီးသတ်ဌာနအကြီးအကဲက ပြောကြားသည်။

**ဆင်ဟွာ။**









* ကျောဖုံးမှ
ဇန်နဝါရီလတွင် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး စတင်ကျင်းပကတည်းကမြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်တွင် လွှတ်တော်ကိုယ်စားလှယ်များသည် တက်ကြွစွာပါဝင်လျက်ရှိပါကြောင်း။

လွှတ်တော် ကိုယ်စားလှယ်များသည် နိုင်ငံ၏ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရုံမျှမက ပြည်သူများ၏လူမှု-စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

လွှတ်တော်များအနေဖြင့် လက်ရှိအခြေအနေနှင့် ကိုက်ညီမည့်ဥပဒေများပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်းစသည့် ကြီးလေးသောတာဝန်များလည်းရှိပါကြောင်း။

ထို့အပြင် ပြည်သူများ၏အသံကိုကြားနိုင်ရန်၊ ပြည်သူများ၏ လိုအပ်ချက်ကို နားလည်ရန်နှင့် ပြည်သူများအကြား ဒီမိုကရေစီရေးကို အသိပညာမြှင့်တင်ပေးရန် လွှတ်တော်ရပ်နားချိန်များတွင် လွှတ်တော်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များသည် ပြည်သူများထံ အရောက်သွားသည့် အစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ တွေ့ရှိရသော လိုအပ်ချက်များကို လွှတ်တော်သို့ တင်သွင်းပြီးသက်ဆိုင်ရာ အုပ်ချုပ်မှုပိုင်းဆိုင်ရာတာဝန်ရှိသူများသိရှိစေရန် ဆောင်ရွက်ပါကြောင်း။

ကမ္ဘာတစ်ဝန်းတွင် ဒီမိုကရေစီတန်ဖိုးမြှင့်တင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ၏ ဦးဆောင်မှုကဏ္ဍအတွက် တန်ဖိုးထားပါကြောင်း၊ ၂၀၁၂ခုနှစ် မတ်လတွင် မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂ၏ အဖွဲ့ဝင်အဖြစ် ပြန်လည် ဝင်ရောက်ပြီးကတည်းက မြန်မာလွှတ်တော်များအတွက် သမဂ္ဂ၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များသည် များစွာအကျိုးကျေးဇူးဖြစ်ထွန်းစေပါကြောင်း၊ ညီလာခံမျက်နှာစုံညီ အစည်းအဝေးတွင် အရေးပေါ် အစီအစဉ်များနှင့် ပတ်သက်ပြီး ဆွေးနွေးချက်များသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းပြီး နိုင်ငံတကာ ပါလီမန်များက တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော ကိစ္စရပ်များ အပေါ်ထားရှိသည့် သဘောထားအမြင်များကို နားလည်သဘောပေါက်ရန် အခွင့်အလမ်းရရှိစေပါကြောင်း၊ ညီလာခံ၏ကော်မတီနှင့် ဟောပြောဆွေးနွေးပွဲများမှ ဘာသာရပ်များသည်လည်း မိမိတို့လွှတ်တော်အတွက် များစွာအသုံးဝင်ပါကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် လက်နက်ဖျက်သိမ်းရေးကို အစဉ်တစိုက်ထောက်ခံပြီး လက်နက်များ အပြိုင်အဆိုင်တပ်ဆင်မှု၊ တရားမဝင် ထုတ်လုပ်ရောင်းဝယ်မှုများကို ဆန့်ကျင်ပါကြောင်း၊ ၁၉၉၃ ခုနှစ်က မြန်မာနိုင်ငံသည် ဓာတုလက်နက်ဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့ပြီး အတည်ပြုချုပ်ဆိုရန် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဓာတုလက်နက်များအသုံးပြုမှု တားဆီးရေးနှင့် ဖျက်ဆီးရေးတို့ကိုကြီးကြပ်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍ ခေါင်းစဉ်ပါ အရေးပေါ်အစီအစဉ်ကို ညီလာခံမှာ ထည့်သွင်းဆွေးနွေးရန် မြန်မာကိုယ်စားလှယ်အဖွဲ့က ထောက်ခံမဲပေးခဲ့ပါကြောင်း၊ ဓာတုလက်နက် အသုံးမပြုရေး၊ ဖျက်သိမ်းရေးအပါအဝင် ကမ္ဘာတစ်ဝန်း လက်နက်ဖျက်သိမ်းရေးကို ဆက်လက်ပြီး လက်တွေ့ အကောင်အထည်ဖော်ဆောင်ရန်ကိစ္စကို မြန်မာနိုင်ငံလွှတ်တော်က ပါဝင်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုလွှတ်တော် နာယကသည် အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ဩစတြေးလျနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. John Hogg နှင့်လည်းကောင်း၊ အီရန်နိုင်ငံ ပါလီမန်ဥက္ကဋ္ဌ H.E.Mr. Ali Larijani နှင့်လည်းကောင်း၊ တောင်အာဖရိကနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. M. V. Sisulu နှင့် လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ လွှတ်တော်ရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂညီလာခံ ဒုတိယနေ့ အစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# (၁၃၉)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကျရောက်သည့် (၁၃၉)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် (၄၂)ကြိမ်မြောက် နိုင်ငံတကာလူငယ်များပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)တွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမဆောင်၌ကျင်းပရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတို့မှ ဌာနကြီးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနမှ ဌာနကြီးမှူးများနှင့် (၄၂)ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်) အကဲဖြတ်အဖွဲ့ဝင်များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်စံစံက ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ညွှန်ကြားရေးမှူးချုပ် Mr.Bishar A.Hussein ထံမှ ပေးပို့လာသော သဝဏ်လွှာကိုဖတ်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက (၄၂)ကြိမ်မြောက် နိုင်ငံတကာပေးစာရေးပြိုင်ပွဲ (ပြည်တွင်းအဆင့်)တွင် ပထမ၊ ဒုတိယ၊ တတိယဆု၊ နှစ်သိမ့်ဆု သုံးဆုနှင့် အထူးဆု သုံးဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆုရကျောင်းသားကျောင်းသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး (၁၃၉)နှစ်မြောက် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖီဂျီနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျရောက်သည့် ဖီဂျီသမ္မတနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖီဂျီသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ရာတူ အီနုတ်ခ် ကူဘွာဘိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**









# ကျောင်းဆရာတွေနိုင်ငံရေးအမြင်ကျယ်ပါမှ

ဒေါက်တာမောင်သင်း
(မိတ္ထီလာတက္ကသိုလ်)

ခေတ်အဆက်ဆက်မှာ ပေါ်ထွန်းခဲ့တဲ့ ကျောင်းဆရာဆိုတာ စာသက်သက်သင်တဲ့ "စာသင်ဆရာ"များ မဟုတ်ကြပါ။ ကလေးများကို လူကောင်း၊ လူတော်ဖြစ်လာအောင် လေ့ကျင့်ပေးတဲ့ "ဘဝပဲ့ကိုင်ရှင်များ"ပါ။ သင်ရိုးစာအုပ်ထဲက ကျောင်းစာသက်သက်လောက်သာ တတ်အောင် သင်ပေးတတ်တဲ့ "ဆရာ့အတတ်ပညာစွမ်းရည်အလွန်နည်းတဲ့သူများ"လည်း မဟုတ်ကြပါ။ အဲဒီလောက်သာလုပ်နိုင်ရင်တော့ ဆရာအလုပ်နှင့် မသင့်တော်ပါလို့မြင်မိပါတယ်။

တကယ်တော့ ကျောင်းဆရာဆိုတာ အနာဂတ်လူ့အဖွဲ့အစည်းကို ကောင်းမွန်အောင် ဖန်တီးကြမည့် "လူသားရတနာများ"ကို တောက်ပြောင်လာအောင် ထုဆစ်ပြုပြင်ပေးနေကြသူများပါ။ အနာဂတ်ဖန်တီးရှင် လူငယ်၊ လူမမယ်များကို ပညာစွမ်းအားတပ်ဆင်ပေးတဲ့ "ဆရာ့စွမ်းရည်နှင့်စေတနာကြွယ်ဝမှု"ကို ပိုင်ဆိုင်ထားသူများပါ။ ပြုပြင်ပေးတာက လူရဲ့ကောင်းမွန်တဲ့ ဗီဇတွေဖြစ်တဲ့ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တဗလ ကြံ့ခိုင်ဖွံ့ဖြိုးသူတွေဖြစ်လာအောင် ပြုပြင်ပေးတာပါ။ သို့မှသာ ကလေးတွေရဲ့ လူ့ဘောင်အသိုင်းအဝိုင်းကို ဖျက်ဆီးမည့် ဗီဇဆိုး၊ ဗီဇညံ့တွေပျောက်ကွယ်သွားပြီး လူကောင်း၊ လူတော်တွေဖြစ်လာကြမှာပါ။

ပညာစွမ်းအားဆိုတာ သင်ရိုးညွှန်းတမ်းစာအုပ်ထဲက ကျောင်းသင်ခန်းစာကို အခြေခံပြီး ပတ်ဝန်းကျင်ကို ကြည့်တတ်၊ မြင်တတ်ပြီး နောက်ဆုံးမှာ အသုံးချနိုင်မှုရှိအောင်နဲ့ ကျောင်းရဲ့စာသင်ခန်းနံရံကိုကျော်ပြီး ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းမှု၊ သာယာဖွံ့ဖြိုးမှု၊ တိုးတက်မှုတွေကို မြင်အောင်၊ သိအောင်၊ နားလည်မှုရှိနေအောင် လေ့ကျင့်ပေးတာပါ။ ပြီးတော့ အဲဒီအသိပညာစွမ်းအားကို မိမိနဲ့ မိမိရဲ့လူ့အဖွဲ့အစည်း တိုးတက်ရေးမှာ အသုံးချနိုင်စွမ်းရှိရပါမယ်။ သင်ခန်းစာဘောင်၊ စာသင်ခန်းနှင့် ကျောင်းပရဝဏ်ကိုကျော်ပြီးကြည့်နိုင်စွမ်းအားတွေဟာ အလေ့အကျင့်လို ထုံလာပါမှ အနာဂတ်ကို ခေါင်းဆောင်နိုင်ကြမှာ။ ဒါကြောင့် ကျောင်းဆရာဆိုတာ ခေါင်းဆောင်ကောင်းတွေကို သမိုင်းအဆက်ဆက် လေ့ကျင့်ပေးခဲ့ကြတဲ့ "ခေါင်းဆောင်များရဲ့ ဦးဆောင်လမ်းပြကြယ်တံခွန်တွေ" ပါ။ ဝမ်းစာရေးလောက်သာ ရည်မျှော်ပြီး လခစားသက်သက်သာလုပ်ကြတဲ့ လူညံ့တွေ မဟုတ်ကြပါ။

ခေါင်းဆောင်တွေကို လေ့ကျင့်ပေးနိုင်သူ၊ ဦးဆောင်လမ်းပြကြသူဆိုတာ အမြင်ကျယ်ရပါတယ်။ အနာဂတ်မှာ ဖြစ်ပေါ်လာမည့် လူ့ဘောင်အဖွဲ့အစည်းကို ကြိုတင်မြင်နိုင်တဲ့ ပညာဉာဏ်နှင့်လည်း ပြည့်စုံရပေမည်။ ပြီးတော့ အနာဂတ်လူ့အဖွဲ့အစည်းနဲ့ အံဝင်ခွင်ကျဖြစ်မည့် လူ့ကျင့်ဝတ်နှင့် ပညာစွမ်းအားကို မျိုးဆက်သစ်တွေကို တပ်ဆင်ပေးနိုင်စွမ်းအားနှင့်လည်း ပြည့်စုံမှုရှိရပါမယ်။ ပညာရေးကို ရှေ့တန်းက အကောင်အထည်ဖော်နေကြတဲ့ ဗိသုကာကျောင်းဆရာများသည် နိုင်ငံရဲ့ မျှော်မှန်းချက်၊ နိုင်ငံဖွံ့ဖြိုးရေးစတဲ့ နိုင်ငံ့အရေးအရာကို နားလည်ပြီး ဘယ်လိုကောင်းအောင် တည်ဆောက်ကြမလဲဆိုတဲ့ အမြော်အမြင်ရှိကြသူများဖြစ်ကြဖို့ လိုပါတယ်။ နိုင်ငံရေးအမြင်ဆိုတာ ကျောင်းဆရာတွေမှာ မရှိဘဲနဲ့တော့ "ဆရာသည်သာ လူ့ဘောင်ဖွံ့ဖြိုးမှုမှာအခရာ" ဆိုတဲ့ အနာဂတ်ရဲ့ဖန်တီးရှင်များ မွေးထုတ်နေသူများ မဖြစ်နိုင်ပါ။ အနာဂတ်မျိုးဆက်သစ်တွေ "တော်" ဖို့ ယနေ့ကျောင်းဆရာတွေ "လျှော်" လို့ဘယ်လိုမှမဖြစ်ပါ။

မြန်မာ့သမိုင်းကိုကြည့်လျှင် ၁၉၂၀ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ဆန့်ကျင်ပြီး " အမျိုးသားပညာရေး" ဆိုတဲ့ ကမ္ဘာ့ခေတ်သစ်ပညာရေးနဲ့ ခေတ်ပြိုင်ပညာရေးပေါ်ပေါက်ခဲ့ပါတယ်။ အဲဒီမတိုင်မီ ကျွန်တော်တို့ဆီမှာ "ဘုန်းတော်ကြီးသင်ပညာရေး"သာ အများစုပါ။ ခေတ်ပညာတတ်လူငယ်၊ လူရွယ်တွေဟာ အမျိုးသားကျောင်းဆရာဝင်လုပ်ကြပါတယ်။ ပြီးတော့ သူတို့ကိုယ်တိုင်လည်း လွတ်လပ်ရေးကြိုးပမ်းမှု၊ အမျိုးသားရေးလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ကြတဲ့ လွတ်လပ်ရေးခေါင်းဆောင်တွေ ဖြစ်လာကြပါတယ်။

အာဇာနည်ခေါင်းဆောင်ကြီးတွေထဲကဆိုရင် သခင်မြ၊ ဦးဘဝင်း၊ ဦးရာဇတ်တို့ပါ။ သူတို့ထိပ်ကတော့ အမျိုးသားကောလိပ်ကျောင်းဆရာကြီး သခင်ကိုယ်တော်မှိုင်းပါ။ "သခင်" အားလုံးရဲ့ဆရာပါ။ တစ်ခေတ်မှာ တစ်ယောက်ပေါ်ထွန်းခဲ့သူ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်ကို နှစ်ကြိမ်ထမ်းပြီး ကမ္ဘာ့ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့သူ " ဦးသန့်"ဆိုရင် အမျိုးသားအထက်တန်းပြဆရာနှင့် ကျောင်းအုပ်ကြီးအဖြစ် (၁၂)နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သူပါ။

သူ့တပည့်တွေကို နိုင်ငံရေး၊ လွတ်လပ်ရေးနဲ့ အမျိုးသားရေးစိတ်ဓာတ်ဖွင့်ပေး၊ မြှင့်တင်ပေးခဲ့သလို သူကိုယ်တိုင်လည်း နိုင်ငံရေးအမြင်ကျယ်အောင် ဆက်လက်ဖြည့်ဆည်းခဲ့လို့ ကမ္ဘာ့ငြိမ်းချမ်းရေးကို ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်ထိ တည်ဆောက်နိုင်ခဲ့တာပါ။

တတိယကမ္ဘာစစ်ဖြစ်မယ့် အခြေအနေကို တားနိုင်ခဲ့ပါတယ်။ ထို့အတူ လွတ်လပ်ရေးခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဝန်ကြီးချုပ်ဟောင်း ဦးနုဟာလည်း အမျိုးသားကျောင်းဆရာပါ။ ဗိုလ်ချုပ်တို့ကျဆုံးပြီးနောက်မှာ "နု-အက်တလီ"စာချုပ်ချုပ်ဆိုပြီး လွတ်လပ်ရေးကို အပြီးတိုင်ရရှိအောင် ဆက်လက်ကြိုးပမ်းခဲ့တဲ့ ထိပ်တန်းလွတ်လပ်ရေးခေါင်းဆောင်တစ်ဦးပါ။ ထို့အတူ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးလို နာမည်ကြီး ကမ္ဘာ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ "ဘက်မလိုက်နိုင်ငံများအဖွဲ့"ကို အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်နေရူးနှင့်အတူ ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ ကျောင်းဆရာဟောင်းတစ်ဦးပါ။

အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်ဆိုရင် မန္တလေးအမျိုးသားကျောင်းအုပ်ကြီးဘဝကနေ ပညာရေးဝန်ကြီးအထိ တာဝန်ယူခဲ့သူပါ။ ထို့အတူ သခင်မြ၊ သခင်ကိုယ်တော်မှိုင်းနဲ့ ဦးဘဝင်းတို့ဟာလည်း အမျိုးသားကျောင်းဆရာကြီးတွေပါ။ အဲဒီခေတ်က အမျိုးသားကျောင်းဆရာတွေဟာ နိုင်ငံရေးအမြင်ကျယ်ခဲ့ကြပြီး သူတို့ရဲ့တပည့်တွေကို "အမျိုးသားရေးစိတ်ဓာတ်"၊ သူ့ကျွန်ဘဝမှ ရုန်းထွက်မည့် "လွတ်လပ်ရေးစိတ်ဓာတ်" သန္ဓေမျိုးစေ့ကို ထည့်ပေးခဲ့ပါတယ်။ အဲဒီသန္ဓေမျိုးစေ့တွေထဲကမှ အအောင်မြင်ဆုံးပေါက်ဖွားလာတဲ့တပည့်ကတော့ ရေနံချောင်းမြို့ အမျိုးသားကျောင်းထွက် "မောင်အောင်ဆန်း" ပါပဲ။

ဗိုလ်ချုပ်အောင်ဆန်းလို နိုင်ငံ့ထိပ်တန်းခေါင်းဆောင် ဘဝမရောက်ခဲ့ပေမယ့် ဒုတိယတန်း၊ အလယ်အလတ်အဆင့်ရှိသူခေါင်းဆောင်တွေ ဒုနဲ့ဒေးပါ။ အမျိုးသားကျောင်းဆရာတွေရဲ့ နိုင်ငံရေးအမြင်ကျယ်မှုဖြင့် လေ့ကျင့်ပေးရာမှ ပေါက်ဖွားလာတဲ့ လွတ်လပ်ရေးခေါင်းဆောင် မျိုးဆက်တွေပါ။ ဆရာကလည်း နိုင်ငံရေးအမြင်ကျယ်၊ သူတို့က မွေးဖွားပေးလိုက်တဲ့ တပည့်ကလည်း အမျိုးကို မြှင့်လိုတဲ့ နိုင်ငံရေးစိတ်ဓာတ်ပြည့်ဝကြတော့ ဆရာတပည့် လက်တွဲညီညီဆောင်ရွက်လိုက်တာ မြန်မာ့မြေပေါ်ကို ကျွန်ပြုစိုးမိုးခဲ့တဲ့ကိုလိုနီဝါဒထွက်ပြေးခဲ့ပါတယ်။ မြန်မာတွေ ကျွန်ဘဝကနေ လွတ်လပ်တဲ့သခင်ဘဝကို ပြန်ရခဲ့ပါတယ်။ အမျိုးသားကျောင်းဆရာတွေရဲ့ နိုင်ငံရေးအမြင်ကျယ်မှုဖြင့် စိုက်ပျိုးခဲ့တဲ့အပင်ရဲ့ အသီးအပွင့်ကို ခံစားနေရတာဟာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်မှာမှသည် ယနေ့အထိပါပဲ။

အမေရိကန်သမ္မတ "အိုဘားမား"ဟာ ချီကာဂိုတက္ကသိုလ်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပါမောက္ခပါ။ နိုင်ငံရေးအမြင်ကျယ်လွန်းသူပါ။ နိုင်ငံရေးအမြင် ဘယ်လောက်ကျယ်သလဲဆိုရင် လူထုကထောက်ခံပြီး သူ့ကိုနှစ်ကြိမ်တိုင်တိုင် သမ္မတအဖြစ်ရွေးချယ်ခဲ့တဲ့အထိပါ။ ကျောင်းဆရာနှင့်ပတ်သက်ပြီး သူပြောတာတစ်ခုရှိပါတယ်။ "ယနေ့ လူငယ်တွေရဲ့ ဖွံ့ဖြိုးတဲ့အနာဂတ်ကို ပိုင်ဆိုင်တာမြင်ချင်ရင် သင်လည်းပါဝင်ပြီး ကျောင်းဆရာလုပ်ပါ"တဲ့။ သူကိုယ်တိုင်လည်း သမ္မတသက်တမ်းပြီးရင် ကျောင်းဆရာပြန်လုပ်မယ်တဲ့။ လူငယ်တွေရဲ့ အနာဂတ်ဖွံ့ဖြိုးဖို့ဆိုထားတာမို့ ကျောင်းဆရာဟာ အနာဂတ်လူ့ဘောင်ကို ကြိုမြင်နိုင်စွမ်းရှိတဲ့ အမြော်အမြင်ကြီးမားခြင်းဆိုတဲ့ အရည်အသွေးကို ပိုင်ဆိုင်သူဖြစ်ရပါမယ်။

နိုင်ငံရေးအမြင်ကျယ်တဲ့ အမျိုးသားကျောင်းဆရာ ဦးသန့်ကြောင့် မြန်မာကဦးဆောင်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာလတစ်ခုအထိ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တတိယကမ္ဘာစစ်ဖြစ်မယ့်အရေးကို ကာကွယ်နိုင်ခဲ့ပါတယ်။ နိုင်ငံရေးအမြင်ရှိတဲ့ အမျိုးသားကျောင်းဆရာတွေနဲ့ သူတို့က လေ့ကျင့်ပေးလိုက်တဲ့တပည့်တွေရဲ့ အမျိုးကိုမြှင့်လိုတဲ့ နိုင်ငံရေးစိတ်ဓာတ် ပြင်းထန်လွန်းတာကြောင့် မြန်မာနိုင်ငံလည်း လွတ်လပ်ရေးရရှိခဲ့ပါတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုမှာဆိုရင် အနာဂတ်မျိုးဆက်တွေရဲ့ခေတ်မှာလည်း သူတို့နိုင်ငံကို ယခုလို ကမ္ဘာ့ထိပ်တန်းအဆင့်ဆီမှာ ဆက်လက်ထိန်းသိမ်းထားနိုင်ဖို့အတွက် နိုင်ငံရေးအမြင်ကျယ်တဲ့ ကျောင်းဆရာ အိုဘားမားကို သမ္မတအဖြစ် နှစ်ကြိမ်တိုင်တိုင်ပြည်သူက ရွေးချယ်ထားကာ နိုင်ငံကိုဦးဆောင်နေစေပါတယ်။

ကျွန်တော်တို့လည်း ဖွံ့ဖြိုးမှု၊ လွတ်လပ်မှု၊ တန်းတူအခွင့်အရေးရှိမှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုတွေ ပြည့်လျှမ်းတဲ့ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားရာ မြန်မာ့လူ့အဖွဲ့အစည်းဆီ အားသွန်ခွန်စိုက်ချီတက်နေပါပြီ။ ဒီအချိန်မှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို လေ့ကျင့်ပေးနေတဲ့ကျောင်းဆရာတွေဟာ "အောင်ချက်နဲ့ စာမေးပွဲရမှတ်ပြိုင်တဲ့အဆင့်သာ လေ့ကျင့်ပေးတဲ့အနေနဲ့တင် ကျေနပ်မနေပါနဲ့။ ပညာရေးမှာတာဝန်ရှိတဲ့ စီမံခန့်ခွဲသူတွေကပါ ဝိုင်းဝန်းလုပ်ဆောင်ကြရမယ့် အချိန်လည်းဖြစ်ပါတယ်။ အနာဂတ်ဟာ ရွှေရောင်လွှမ်းနိုင်ဖို့ စုပေါင်းဝိုင်းဝန်းလုပ်ဆောင်ရမှာပါ။

မြန်မာ့သမိုင်းက အမျိုးသားကျောင်းဆရာတွေရဲ့ ကောင်းမြတ်တဲ့အစဉ်အလာဖြစ်တဲ့ နိုင်ငံရေးအမြင်ကျယ်မှုတွေကို ဆက်လက်ရယူထိန်းသိမ်းလက်ဆင့်ကမ်းရမယ့်ကာလပါ။ သူတို့ခေတ်မှာ လွတ်လပ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် ဦးဆောင်ကြိုးပမ်းခဲ့သလို ကျွန်တော်တို့ရဲ့ ယနေ့တာဝန်ကလည်း တိုင်းပြည်ကို သူများလိုတူတူတန်တန်ဖွံ့ဖြိုးအောင် ဆက်လက်ကြိုးပမ်းရမယ့်အချိန်ပါ။ အဲဒီလို ကြိုးပမ်းနိုင်ဖို့ နိုင်ငံနှင့်လူမျိုးဖွံ့ဖြိုးတိုးတက်အောင်၊ သူများထက်မနိမ့်အောင် သယ်ပိုးကြမယ့် နိုင်ငံရေးအမြင်ကျယ်တဲ့ မျိုးဆက်သစ်တွေပေါ်ထွန်းလာရေးဟာ ယနေ့ဆရာတွေရဲ့တာဝန်ပါ။ ဒါကြောင့် လက်ရှိကျောင်းဆရာလုပ်နေကြသူများ နိုင်ငံရေးအမြင်ကျယ်သည်ထက် ကျယ်အောင်လေ့လာပါ။ ဆည်းပူးပါ။ စာများများဖတ်ပါ။

ကျောင်းဆရာလုပ်ကြရန် ဆန္ဒရှိသူများလည်း ဆရာ့အတတ်ပညာစွမ်းရည်တွေထဲမှာ စာသင်တတ်ရုံဆိုတဲ့အဆင့်ကလေးရှိရုံမျှနဲ့ မပြည့်စုံသေးပါ။ နိုင်ငံရေးအမြင်ကျယ်ပါမှ၊ ထပ်ဖြည့်နိုင်မှ အနာဂတ်ကြယ်ပွင့်ကလေးများရဲ့ဘဝ ပဲ့ကိုင်အတတ်ပညာပြည့်စုံတယ်လို့ ခံယူထားဖို့လိုပါတယ်။ ပညာရေးမှာ အဓိကတာဝန်ရှိသူများကလည်း "နိုင်ငံရေး အမြင်ပြည့်ဝ" မှ ယနေ့ခေတ်ရဲ့ ဆရာကောင်း၊ ဆရာမြတ်ဆိုတာ ဖြစ်မယ်ဆိုတဲ့ခံယူချက်နဲ့ ဆရာများကို လေ့ကျင့်ပေးဖို့လိုကြောင်းပါ။ ။

## လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၉**

၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ Panya Indra Golf Club, Bangkok ၌ ကျင်းပမည့် "The 79th Singha Thiland Amateur Open 2013" လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမျိုးထွန်းခေါင်းဆောင်သော မြန်မာလူငယ်ဂေါက်သီးရိုက်အသင်းသည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းအား မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။



မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းတွင် ပဏာမမြန်မာ့လက်ရွေးစင် အားကစားသမားများဖြစ်ကြသည့် ရဲထက်အောင်၊ မျိုးဝင်းအောင်၊ မောင်မောင်ဦး၊ ယဉ်မေမျိုးနှင့် ခင်မာနွယ်တို့ လိုက်ပါသွားကြသည်။**(အပေါ်ပုံ)**

အဆိုပါပြိုင်ပွဲသည် မြန်မာဂေါက်သီးရိုက်အသင်းအနေဖြင့် နှစ်စဉ်သွားရောက်ယှဉ်ပြိုင်လေ့ရှိသော ပြိုင်ပွဲတစ်ခုဖြစ်ပြီး ပဏာမမြန်မာ့လက်ရွေးစင်အားကစားသမား မောင်မောင်ဦးအနေဖြင့် ဒုတိယဆု တစ်ကြိမ်ရရှိထားသည့် ပြိုင်ပွဲဖြစ်သည်။

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

## (၂၂)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၉**

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (INTERNATIONAL WHITE CANE DAY) အထိမ်းအမှတ် (၂၂)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီခွဲတွင် မြို့တော်ခန်းမရှေ့၌ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အဆိုပါ မျက်မမြင်လမ်းလျှောက်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မျက်မမြင်ကျောင်း ၁၂ ကျောင်းမှ လူဦးရေ ၇၀၀ ကျော် ပါဝင်လမ်းလျှောက်ကြမည်ဖြစ်ပြီး နံနက် ၆ နာရီခွဲတွင် မြို့တော်ခန်းမရှေ့မှ စတင်လမ်းလျှောက်ကာ ကုန်သည်လမ်းတစ်လျှောက်မှ ဘုန်းကြီးလမ်း၊ ဘုန်းကြီးလမ်းမှ မဟာဗန္ဓုလလမ်းတစ်လျှောက် မြို့တော်ခန်းမရှေ့သို့ ပြန်လည်ဝင်ရောက်ကြမည်ဖြစ်သည်။

"ဒီနှစ်မှာတော့ ပြင်ဦးလွင်၊ မိတ္ထီလာ၊ အင်းစိန်၊ ကြည့်မြင်တိုင်မြို့နယ်တွေ အပါအဝင် မျက်မမြင်ကျောင်းတွေ ၁၂ ကျောင်းမှ လူဦးရေ ၇၀၀ ကျော် ပါဝင်မှာပါ၊ ဒါက သူတို့တွေအတွက် ပြိုင်ပွဲမဟုတ်ပါဘူး၊ အထိမ်းအမှတ်အနေနဲ့ပြုလုပ်တာပါ၊ အမှတ်တရ အထိမ်းအမှတ်အနေနဲ့ သူတို့ မျက်မမြင်တွေ ပေးတာရှိသလို ကျွန်တော်တို့ ဒီက ကောက်ခံရရှိတဲ့ ငွေတွေကိုလည်း သူတို့ကျောင်းတွေအတွက် ခွဲပေးပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်ကလည်း (၂၁)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မျက်မမြင်ကျောင်း၊ သင်တန်းနှင့် အလုပ်ရုံ ၁၄ ခုတို့မှ မျက်မမြင် ၇၆၂ ဦးတို့က ပြည်လမ်း၊ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ရှေ့မှစတင်၍ ပြည်လမ်း၊ ဘုန်းကြီးလမ်းမှတစ်ဆင့် မဟာဗန္ဓုလလမ်းတစ်လျှောက် မြို့တော်ခန်းမရှေ့အထိ ပါဝင်လမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးဆဋ္ဌမနေ့ကို ယနေ့ နံနက်ပိုင်းကကျင်းပရာ ဟုမ္မလင်း မဲဆန္ဒနယ်မှ ဦးအေး၏ **မြို့နယ်အဆင့်တာဝန်ရှိသူများက နည်းဥပဒေအတိုင်း ဆောင်ရွက်ပေးနိုင်ရန် မြေလွတ်မြေရိုင်းစီမံခန့်ခွဲမှု ဗဟိုကော်မတီက မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက နိုင်ငံတော်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်း



ဒုတိယဝန်ကြီး ဦးအုန်းသန်း ရှင်းလင်းဖြေကြားစဉ်။

နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရယူထားကြသည့် ကုမ္ပဏီများ၏ မြေပြင်ပကတိအခြေအနေမှန်ကို စိစစ်စစ်ဆေးတင်ပြမှုအပေါ်တွင် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ ဥပဒေနှင့် ညီညွတ်စွာဆောင်ရွက်ကြရေးအတွက် ညှိနှိုင်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထား



ဟုမ္မလင်း မဲဆန္ဒနယ်မှ ဦးအေး မေးမြန်းစဉ်။

မှုများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများ၊ စည်းကမ်းချက်များနှင့်အညီ မြေပြင်ပကတိအခြေအနေမှန်အား ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆောင်ရွက်လိုသူများအနေဖြင့် လုပ်ထုံးလုပ်နည်းအတိုင်း စတင်လျှောက်ထားရန် လိုအပ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်၏ **ပြည်သူ့နီတိကျင့်ဝတ်ဘာသာရပ်ကို ကျောင်းသင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းသင်ကြားပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှစ၍ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ကို မသင်မနေရဘာသာအဖြစ် မူလတန်းအောက်ဆင့် အထွေထွေဘာသာရပ်၌ တစ်ပတ်လျှင် စာသင်ချိန် နှစ်ချိန်ဖြင့် စုစုပေါင်း ၇၂ ချိန် သင်ကြားလျက်ရှိပါကြောင်း၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်အတန်းများတွင် စာရိတ္တနှင့် လောကနီတိ ဘာသာရပ်နှင့် ပြည်ထောင်စုစိတ်ဓာတ် သင်ခန်းစာများ၊ လူ့အခွင့်အလမ်းသင်ခန်းစာများကို တွဲဖက်သင်ရိုးဝင်ဘာသာရပ်အဖြစ် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်မှစ၍ တစ်ပတ်လျှင် တစ်ချိန်နှုန်းဖြင့် ဆရာလက်စွဲများဖြန့်ဝေကာ သင်ကြားပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်က လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၈)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးသတ္တမနေ့ကို အောက်တိုဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

ပထမအကြိမ်အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို



ဒုတိယဝန်ကြီး ဦးတင်ဌေး ရှင်းလင်းဖြေကြားစဉ်။

ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၁)ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို(၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း၏ **"လက်ပံတန်းမြို့နယ် အုတ်ဖိုစုရွာနှင့် ကွမ်းခြံရွာ ဆက်သွယ်ထားသော ဒေသဖွံ့ဖြိုးရေးမြေသားလမ်းအား ဂဝံလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဌေးက လက်ပံတန်းမြို့နယ် ကွမ်းခြံ-ကိုင်းတောစု-ဆင်တလင်း လမ်းအရှည် (၄/၁ ဒသမ ၅) မိုင်အားဂဝံလမ်းခင်းပါက ငွေကျပ် (၈၈ ဒသမ ၈)သန်းခန့် ကုန်ကျမည်ဖြစ်ပါကြောင်း၊ လက်ပံတန်းမြို့နယ်အတွင်း ကျောက်ချောလမ်း (၄)ဖာလုံ၊ မြေသားလမ်း(၃)မိုင်(၆)ဖာလုံ၊ တံတားနှင့် ရေပြွန်(၄၈)ပေတို့ကို ဆောင်ရွက်ရန် ရန်ပုံငွေကျပ်(၁၁၃ ဒသမ ၈၉၅) သန်း လျာထားပြီးဖြစ်ခြင်းကြောင့် ကွမ်းခြံ-ကိုင်းတောစု-ဆင်တလင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **အလုပ်သမားအခွင့်အရေးများကိုပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေရေးဆွဲရန်**



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးမြင့်ထွန်း မေးမြန်းစဉ်။

**ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာတွင် လက်ရှိမြန်မာနိုင်ငံတွင် ကျင့်သုံးနေသော အလုပ်သမားဆိုင်ရာဥပဒေများမှာ ၁၉၅၁ ခုနှစ်က ရေးဆွဲခဲ့သော ခွင့်ရက်နှင့်အလုပ်ပိတ်ရက် ဥပဒေ၊ အလုပ်ရုံများအက်ဥပဒေ ပြဋ္ဌာန်းချက်တို့ဖြစ်ပါကြောင်း၊ ထိုပြဋ္ဌာန်းချက်များတွင် ခွင့်ရက်နှင့်စပ်လျဉ်း၍ ဖော်ပြချက်များမှာ အားနည်းပါကြောင်း၊ ရှောင်တခင်ခွင့်၊ လုပ်သက်ခွင့်နှင့် ဆေးလက်မှတ်ခွင့် စသည်တို့သည် အိမ်နီးချင်းနိုင်ငံများမှ ပြဋ္ဌာန်းချက်များနှင့် နှိုင်းယှဉ်ဆောင်ရွက်သင့်ပါကြောင်း၊ ဆေးခွင့်ဆိုလျှင် ဆေးရုံမတက်ဘဲ ရက်မည်မျှအထိ ခံစားနိုင်ပြီး ဆေးရုံတက်လျှင် ရက်မည်မျှခံစားနိုင်မည် ခွဲခြားဖော်ပြထားသင့်ကြောင်း၊ ခွင့်များပေးရာတွင် လုပ်သက်ကိစ္စရပ်ကို ပြန်လည်စဉ်းစားသင့်ပါကြောင်း၊ အလုပ်ချိန်တွင် အချိန်ပိုလုပ်အားကိုလည်း တစ်လတွင် နာရီမည်မျှသာ လုပ်ဆောင်သင့်ပြီး အချိန်ပိုလုပ်အားခ ပေးသည့်ပုံစံကိုလည်း ဖော်ပြပေးရန် လိုပါကြောင်း၊ အလုပ်ရပ်စဲခြင်းကိစ္စရပ်များနှင့် ချုပ်ဆိုထားသောစာချုပ်သက်တမ်းမစေ့မီ အလုပ်ရှင်က အလုပ်သမားကို အလုပ်ရပ်ဆိုင်းလျှင် ပေးဆောင်ရသောငွေကြေး တစ်နည်းအားဖြင့် ဖြတ်စာလျော်ကြေးငွေကိုလည်း ပြဋ္ဌာန်းပေးရန်လိုအပ်ပါကြောင်း၊ ယခုလက်ရှိပြဋ္ဌာန်းချက်များမှာ ခေတ်ကာလနှင့် မလျော်ညီမှုများရှိနေပါကြောင်းဖြင့် တင်သွင်းခဲ့သည်။

ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

အဆိုတင်သွင်းရခြင်းနှင့် ပတ်သက်၍ အဆိုရှင် ဒေါက်တာမြင့်ကြည်က "အလုပ်သမားတွေရဲ့ ဥပဒေကြောင်းအရ ရပိုင်ခွင့်၊ ခံစားခွင့်တွေကို တိတိကျကျဖြစ်စေချင်တဲ့သဘောပါ။ ယခင်ဥပဒေက ခေတ်နဲ့လျော်ညီမှုလည်းမရှိတော့ပါဘူး။ ဒါကြောင့်မို့လို့ ဒါကိုပြန်လည်ပြုပြင်တဲ့အခါ ခံစားခွင့်တွေ၊ ရပိုင်ခွင့်တွေ ပီပီပြင်ပြင်ဖြစ်လာရင် အလုပ်သမားနဲ့ အလုပ်ရှင်တွေ အဆင်ပြေလာမှာပါ။ ဥပဒေက ရှင်းရှင်းလင်းလင်းမရှိတဲ့အခါ တစ်ဦးနဲ့တစ်ဦးအငြင်းပွားမှုတွေ စိတ်မကြည်လင်မှုတွေဖြစ်လာပြီး ကုန်ထုတ်စွမ်းအားလည်း ကျဆင်းလာရင် နိုင်ငံအတွက်မကောင်းနိုင်ပါဘူး။ ဒီဥပဒေကို ပြန်လည်ပြုပြင်ရေးဆွဲလိုက်ရင် ပိုပြီးတော့ကောင်းလာမှာပါ" ဟု ပြောပြခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **အဆင့်မြင့်နည်းပညာ တက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့် အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကို အောက်တိုဘာ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အလုပ်သမားများမနစ်နာစေရေး အလုပ်သမားဥပဒေပြန်လည်ပြင်ဆင်ရေးဆွဲမည်

**သတင်း-အောဝမ်းခိုး**
**ဓာတ်ပုံ- ရွှေကိုကိုလေး**

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည်က မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသော အလုပ်သမားများနှင့် ဆိုင်သည့်ဥပဒေများမှာ ၁၉၅၁ ခုနှစ်နှင့် ၁၉၃၆ ခုနှစ်များက ရေးဆွဲထားသည့် ဥပဒေများဖြစ်ပြီး ယင်းဥပဒေများတွင် ကောင်းသည့် အချက်များပါဝင်သလို ပြင်ဆင်စရာများလည်းရှိကြောင်း၊ ဥပမာအနေဖြင့် ခွင့်အမျိုးအစား၊ အချိန်ပို လုပ်အားခ သတ်မှတ်ခြင်းနှင့် အမျိုးသမီးဝန်ထမ်းများကို မည်ကဲ့သို့နေရာများတွင် တာဝန်ပေးရမည်ဆိုသော ဥပဒေများ ပြဋ္ဌာန်းပေးရန် စသည်ဖြင့် အလုပ်သမားအခွင့်အရေးများကို ပြန်လည်သုံးသပ်၍ အလုပ်သမားဥပဒေရေးဆွဲရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့သည်။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်တော်ကြောင်း ဆုံးဖြတ်ခဲ့သည်။



အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး။

ယင်းအဆိုနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက "တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ အလုပ်သမားဝန်ကြီးဌာနက ကျင့်သုံးနေတဲ့ ဥပဒေ ၁၈ ခုလောက်ရှိပါတယ်၊ မှန်ပါတယ်။ တချို့ဥပဒေတွေက ခေတ်မမီတော့ဘူး၊ ပြန်ပြင်ရပါမယ်၊ အနိမ့်ဆုံးအခကြေးငွေဥပဒေကို ပြည်ထောင်စုလွှတ်တော်က မကြာသေးခင်က ပြဋ္ဌာန်းပြီးပါပြီ။ ကျွန်တော့်အမြင်ပြောရရင်တော့ ဥပဒေအသစ်ပြဋ္ဌာန်းဖို့ထက် ရှိရင်းစွဲဥပဒေတွေကို တရားဥပဒေစိုးမိုးမှုရှိအောင် ဆောင်ရွက်ဖို့က နံပါတ်တစ် အရေးကြီးဆုံးအချက်ပါ၊ နှစ် အချက်ကတော့ ပညာပေးရမှာပါ။ အလုပ်ရှင်တွေရော၊ အလုပ်သမားတွေရော တော်တော်များများဟာ ဥပဒေမှာရှိတဲ့ အကျိုးခံစားခွင့်တွေ၊ အလုပ်သမားတွေကို ဘယ်လိုအခွင့်အရေးတွေပေးထားတယ်၊ ဘယ်လိုကာကွယ်ပေးထားတယ်၊ အလုပ်ရှင်တွေဘက်က ဘယ်လို ကာကွယ်ပေးထားတယ်၊ ဘယ်လို စီမံပေးထားတယ်ဆိုတာ မသိကြဘူး။ ဒါကြောင့် ဥပဒေမှာ ဒီလိုရှိပါတယ်၊ ဒီလိုပြဋ္ဌာန်းထားပါတယ်ဆိုတာကို ပညာပေးရပါမယ်။ တတိယအချက်ကတော့ ဒီဥပဒေတွေကို ကိုင်တွယ်ကျင့်သုံးနေတဲ့ ဝန်ကြီးဌာန အခုဆိုရင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံကိုပြင်ရမယ်၊ အင်မတန်မှ ဝန်ထမ်းအင်အား နည်းပါတယ်။ လှိုင်သာယာစက်မှုဇုန်လိုနေရာမျိုးမှာ အလုပ်ရုံစစ်ဆေးရေး ဦးစီးဌာနက ဦးစီးအရာရှိ တစ်ယောက်တည်းရှိ



အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်။

တယ်။ ရာနဲ့ချီတဲ့စက်ရုံတွေကို သူတစ်ယောက်တည်း ကိုင်တွယ်ဖြေရှင်းနေရတယ်။ မော်တော်ကားတောင်မရှိဘူး၊ စက်ဘီးလေးတစ်စီးနဲ့ပဲ လုပ်နေရတယ်။ ကျွန်တော်လည်း အလုပ်ရှင် အလုပ်သမားအခွင့်အရေး ပူးပေါင်းလေ့လာရေး ကော်မရှင်အဖွဲ့ဝင်အနေနဲ့ ဒါတွေကို မြေပြင်မှာ ကွင်းဆင်းပြီး လေ့လာတဲ့အခါ ဒီအချက်သုံးချက်ကပိုပြီး လိုအပ်မယ်ထင်ပါတယ်။ လက်ရှိကျင့်သုံးနေတဲ့ ဥပဒေ ၁၈ ခုဟာ အတော်လေးလုံလောက်ပါတယ်။ အသစ်ဆွဲဖို့ထက် တချို့ဟာတွေပြန်ပြင်ရမယ်၊ အလုပ်ရှင် အလုပ်သမားဥပဒေမှာဆိုရင် ဒဏ်ကြေးပဲ သတ်မှတ်ထားတာကို အလုပ်ရှင်တွေက လိုက်နာမှုအားနည်းတယ်။ အဲဒါကို ထောင်ဒဏ်ပြင်ဆင်ဖို့

စာမျက်နှာ ၈ ကော်လံ ၄ သို့

# လားရှိုး – မန်စံ လမ်းပိုင်းရှိ အီနိုင်းတံတားသစ်ကြီးပေါ်တွင် မကြာမီ ဖြတ်သန်းနိုင်တော့မည်

**လားရှိုး အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ယခင်က တည်ဆောက်ထားသော အီနိုင်းတံတားသည် (လားရှိုး-မန်စံ)လမ်းပိုင်းတွင် တည်ရှိပြီး ယခင် တံတားဟောင်း အရှည်ပေ ၁၅၀ ရှိ သံပေါင်ရက်မ(သစ်သားကြမ်းခင်း)တံတားအမျိုးအစားဖြစ်သည်။ တံတားအကျယ်မှာ ယာဉ်တစ်စီးသွားလမ်းသာရှိပြီး တံတားခံနိုင်ဝန်မှာ ယခုအချိန်တွင် ၁၀ တန် သတ်မှတ်ထားကာ တံတားမှာ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သည်။

ယခင်တံတားဟောင်းနှင့်ကပ်လျက် တံတားသစ်(အီနိုင်း)တံတားသည် အရှည်ပေ ၁၇၀ ရှိပြီး သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ ကမ်းကပ်ခုံနှစ်ခု၊ ရေလယ်တိုင်နှစ်ခုဖြင့် ဖွဲ့စည်းတည်ဆောက်မည်ဖြစ်ပြီး ခန်းဖွဲ့ပုံစံမှာ (၅၀×၇၀×၅၀)ပေ ဖြစ်ကြောင်းသိရသည်။ လားရှိုးမြို့မှ ကိုးမိုင်အတွင်းရှိ ခြောက်စင်းမြောက်တံတားဖြစ်သော (အီနိုင်း)တံတားသစ်ကြီးသည် ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ တစ်ဖက်လျှင် လူသွားလမ်း ၂ ပေ ၆ လက်မရှိ လမ်းများပါရှိမည်ဖြစ်ပြီး ယခင်တံတားဟောင်းကဲ့သို့ တံတားပေါ်တွင် ယာဉ်များဖြတ်သန်းစဉ် တစ်ဖက်နှင့် တစ်ဖက် စောင့်ဆိုင်းစရာမလိုဘဲ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။**(အောက်ပုံ)**

လားရှိုးမှ အီနိုင်းတံတားအထိ ၈ မိုင် ၄ ဖာလုံရှိပြီး လားရှိုး-နမ္မတူ၊ လားရှိုး-မန်စံမှ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နှင့် သီပေါမြို့အထိ သွားလာနိုင်သောကြောင့် ယင်းအီနိုင်းတံတားသည်လည်းအရေးပါသော တံတားတစ်စင်းတွင် ပါဝင်လျက်ရှိသည်။ ထိုတံတားဆောက်လုပ်မှုအတွက် ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၄၅၀ ခန့် ကုန်ကျမည်ဟုလည်း သိရသည်။

ယင်းတံတားတည်ရှိရာ အီနိုင်းကျေးရွာမှ ဒေသခံတစ်ဦးက"အခုလိုတံတားသစ်ကြီးတည်ဆောက်မယ်ဆိုတော့ ကျွန်တော်တို့လည်း အရမ်းဝမ်းသာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အရင်တံတားဟောင်းတုန်းကဆိုရင် ကားတွေတစ်စီးပြီးမှ တစ်စီးဖြတ်ရတာဆိုတော့ အချိန်တွေလည်းကြာတယ်။ တစ်ဖက်နဲ့တစ်ဖက်စောင့်နေရတာတွေရှိပါတယ်။ အခုလိုကွန်ကရစ်တံတားသစ်ကြီး တည်ဆောက်လိုက်ပြီဆိုတော့ တစ်ဦးနဲ့တစ်ဦး စောင့်နေစရာမလိုတော့ဘူးပေါ့။ ကျွန်တော်တို့ရွာသားတွေ လယ်ထဲသွားရင်ပဲဖြစ်ဖြစ်၊ နွားကျောင်းသွားရင်ပဲဖြစ်ဖြစ် ဒီတံတားကို ဖြတ်သွားရတာဆိုတော့ အရင်လိုစောင့်နေစရာမလိုတော့ဘူးပေါ့" ဟုပြောပြသည်။

ယင်းအီနိုင်းတံတားသစ်ကြီးတည်ဆောက်ခြင်းအားဖြင့် ကျေးရွာသူ ကျေးရွာသားများပါမက တစ်မြို့နှင့်တစ်မြို့ ကူးလူးဆက်သွယ်နေသော ယာဉ်များ၊ ကုန်သည်များ၊ ခရီးသွားများအားလုံးအတွက်လည်း အလွန်အကျိုးဖြစ်ထွန်းလာတော့မည်ဖြစ်သည်။

**ဟန်ဌေး(IPRD)**



# ရန်ကုန်အနောက်ပိုင်းခရိုင် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဖွင့်

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန် အနောက်ပိုင်းခရိုင် အကြိမ်(၂၀) မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီတွင် အလုံမြို့နယ် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သဘင်၊ ဂီတပညာရှင်များ၊ အကဲဖြတ်ဒိုင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် က အမှာစကားပြောကြားသည်။ ယင်းနောက် ခရမ်းကြည်ကြည်မာ က "စည်တော်ကြီး" သီချင်း၊ အက ပြိုင်ပွဲဝင် မသူဇာဝင်းက "ပါးမှာနဲ့သာ ခါးမှာ ပဝါ" အကနှင့် ဗိုလ်ရှိုင်းကျော်ဒိုးပတ်အဖွဲ့က သီဆိုကပြဖျော်ဖြေ တင်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စလစ်လိမ်လည်မှုပြဿနာကြောင့်ကားဝယ်ရောင်းလုပ်ကိုင်သူများအခက်ကြုံ

**မန္တလေး အောက်တိုဘာ ၉**

မန္တလေးကားဈေးကွက်တွင် စလစ်ငွေကြေးလိမ်လည်မှု ပြဿနာများကြောင့် ကားဝယ်ရောင်းလုပ်ကိုင်သူတို့အကြား ကြီးမားသောရိုက်ခတ်မှုများဖြစ်ပေါ်ကာ ဆက်လက်ရင်းနှီးလုပ်ကိုင်ရန် အခက်အခဲရှိနေသဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ်နည်းပါးလျက်ရှိကြောင်း ဝယ်ရောင်းလုပ်ကိုင်သူများထံမှသိရသည်။

"ကျွန်တော်အပါအဝင်ဝယ်ရောင်းအများစုက အခုစလစ်လိမ်လည်မှုတွေခံထားကြရတဲ့အတွက် ဆက်လက်လုပ်ကိုင်ဖို့ အခက်အခဲဖြစ်နေတယ်၊ နယ်မြို့တွေက လာဝယ်ကြသူတွေကလည်း အခုဆိုစလစ်မကပ်ရသေးတဲ့(ယာယီနံပါတ်)ကားတွေကိုဝယ်ရမှာကြောက်နေကြပြီး နံပါတ်ကျပြီးသားကားတွေကိုပဲ ဝယ်လာကြတယ်၊ တချို့ဆို ရန်ကုန်ကိုတိုက်ရိုက်ဆင်းပြီး ဝယ်ကြသူတွေတောင်ရှိနေကြပြီ"ဟု ဝယ်ရောင်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

အဆိုပါစလစ်လိမ်လည်မှု ပြဿနာများအားဖြေရှင်းနိုင်မည့်နည်းလမ်းမှာ လက်ရှိယာဉ်အိုယာဉ်ဟောင်းများ အပ်နှံရာတွင် အက္ခရာစဉ်လိုက်အချိန်မဆွဲဘဲ လက်ခံပေးမည်ဆိုပါက ငွေကြေးလိမ်လည်မှု ပြဿနာများနှင့်စလစ်ကားဈေးမြင့်တက်မှုများကိုပါ ထိန်းချုပ်သွားနိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

"လက်ရှိလက်ခံပေးနေတဲ့ 'သ' အက္ခရာနံပါတ်မှာတင် အချိန်အတော်လေးကြန့်ကြာနေတဲ့အတွက် သအက္ခရာအပြင် နောင်လက်ခံပေးမယ့် 'အ' အက္ခရာနံပါတ်တွေပါ ဈေးကွက်မြင့်တက်သွားတာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသည့် ဈေးနှုန်းများမှာ ၉၉ မော်ဒယ်သိန်း ၁၅၀၊ ရွှေငါး သိန်း ၁၆၀-၁၇၀၊ စူပါကာစတန်သိန်း ၁၃၀-၁၅၀၊ Computer သိန်း၂၁၀မှ၂၃၀ နှင့် အာရာဖတ်ကားအမျိုးအစားမှာ သိန်း၂၃၀-၂၅၀ ဝန်းကျင်ရှိကြောင်း သိရပြီး စလစ်ကားဈေးကွက်အနေဖြင့် 'သ'အက္ခရာနံပါတ်မှာ သိန်း ၁၁၀ ဝန်းကျင်နှင့် 'အ'အက္ခရာနံပါတ်ကားများမှာ ၉၅ သိန်း ဝန်းကျင်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်လေ့လာဆန်းစစ်ချက် ပြုလုပ်

**လောင်းလုံ အောက်တိုဘာ ၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ရေဖြူကျေးရွာအုပ်စု ဂေါ့အင်းကျေးရွာ ကြယ်တောင်ဘုရားစေတီအနီး၌ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်လေ့လာဆန်းစစ်ချက် ပြုလုပ်ရန်အတွက် မြန်မာနိုင်ငံမှ သဘာဝပတ်ဝန်းကျင်ပညာရှင် ဦးသူအောင်နှင့် ထိုင်းနိုင်ငံသားMr.Maesi Phongivratchai နှင့် Mr.Gran Boonthan တို့သည် အောက်တိုဘာ ၇ ရက်က ရောက်ရှိလာကြသည်။

**(မြို့နယ်ပြန်/ဆက်)**






ဖတ်စရာ ၊ မှတ်စရာ

ရဲမာန်

# အင်မတန်ကောင်းမွန်တဲ့ရလဒ်ကောင်းတစ်ခု

**ကောလင်းမြို့နယ်တွင် ပြည်သူများ တွေ့ကြုံနေရသည့်အခက်အခဲများနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ရေလှောင်တာတမံ ဆည်စီမံကိန်းတစ်ခု ဆောက်လုပ်ပေးရန် တင်ပြခဲ့သည့် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်အား မေးမြန်း၍ တင်ပြလိုက်ရပါသည်။**

## လယ်ယာလုပ်ငန်းတွေ အဆင်မပြေဖြစ်လာတယ်

တကယ်တော့ ကောလင်းမြို့ဟာ အမြဲတမ်းစိမ်းလန်းတဲ့ဒေသဖြစ်ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာ ရာသီဥတုဖောက်ပြန်မှုတွေကြောင့် မိုးခေါင်မှု၊ မိုးနည်းမှုတွေ ကြုံရတယ်။ အဲဒီလို ကြုံရတဲ့အတွက် လယ်ယာလုပ်ငန်းတွေကလည်း အဆင်မပြေဖြစ်လာတယ်။ တစ်ခါ မိုးရာသီအပြင် နွေရာသီမှာ အပေါ်ရေတွေ ခန်းခြောက်လာတယ်။ ဒ့ါအပြင် အားကိုးရတဲ့ အုတ်စီတွင်းတွေပါ ခန်းခြောက်လာတယ်။ ခန်းခြောက်တော့ သောက်သုံးရေပြတ်လပ်မှုတွေပါဖြစ်လာတယ်။ သောက်သုံးရေပြတ်လပ်မှုကလည်းတစ်မျိုး၊ မိုးရာသီမှာ ရေရှားပါးတာကလည်းတစ်မျိုး ဖြစ်ပါတယ်။

## မီးလောင်မှုကြုံခဲ့ရတာတွေရှိခဲ့တယ်

နွေရာသီမှာ ရေရှားပါးတဲ့အတွက် မီးဘေးကိစ္စဖြစ်ပေါ်လာတဲ့အခါမှာ တစ်မြို့လုံးနီးပါး မီးလောင်မှု ကြုံခဲ့ရတာတွေရှိခဲ့တယ်။ ဒါ့ဘာလဲဆိုရင် ရေအခက်အခဲကြောင့် မီးမသတ်နိုင်ခဲ့တာလည်းရှိတယ်။ နောက်တစ်ခါ နွေရာသီ၊ ဆောင်းရာသီမှာ အစားထိုးသီးနှံစိုက်ပျိုးနိုင်ရေး ရေရှားပါးမှုကို ဖြေရှင်းပေးနိုင်ဖို့အတွက် တာတမံလေးတည်ဆောက်ပေးလိုက်နိုင်တယ်ဆိုရင် ဒါအဆင်ပြေသွားနိုင်တယ်။ အဓိကကတော့ ဒါနဲ့ပတ်သက်ပြီး နိုင်ငံတော်အနေနဲ့ ဆောင်ရွက်ပေးရင်ကောင်းမယ်ဆိုတဲ့အနေအထားနဲ့ တင်ပြခဲ့တာဖြစ်ပါတယ်။

## ဒါဟာ အန္တရာယ်ကြီးပါတယ်

မြို့ရဲ့အထက်မှာ ဒီတာတမံကို ဆောက်လိုက်မယ်ဆိုရင် မိုးရွာတဲ့ကာလတွေမှာ ရေသိုလှောင်ထားပြီးသားဖြစ်သွားမယ်။ လိုတဲ့အချိန်မှာ ထုတ်သုံးမယ်။ မိုးများတဲ့အချိန်မှာ လှောင်လိုက်တဲ့အတွက် ရေကြီးနစ်မြုပ်မှုတွေ ပပျောက်သွားမယ်။ ၁၉၉၅ ခုနှစ်တုန်းက ရေကြီးနစ်မြုပ်လို့ လူတွေသေတဲ့အထိ ဖြစ်သွားတယ်။ မြို့နှစ်မြို့မှာ လူတွေတော်တော်များများသေပြီး အိမ်တွေမျောပါသွားတယ်။ အလောင်းတွေမရဘူး။ အဲဒီအထိဖြစ်ခဲ့တယ်။ အခုအဲဒီလိုမျိုးမဖြစ်ရလေအောင်ပေါ့။ နောက်ပြီးတော့ ကောလင်းမြို့ မှာ မိုးမရွာဘဲနဲ့ ညသန်းခေါင်ကြီး အိပ်ပျော်နေတဲ့အချိန်မှာ ရေကြီးတယ်။ ဒါဟာ အန္တရာယ်ကြီးပါတယ်။

## အကျိုးတွေကတော့ အများကြီးပါပဲ

အဲဒီကိစ္စတွေ ပြေပျောက်သွားဖို့အတွက် ရေတွေကို အလဟဿမဖြစ်အောင် တာတမံတည်ဆောက်လိုက်မယ်။ ပြီးတော့ နွေရာသီ၊ ဆောင်းရာသီတွေမှာ ဒီရေကို လိုသလိုထုတ်သုံးစွဲလို့ရလာမယ်။ အပေါ်မြေဆီလွှာမခန်းတဲ့အတွက် တခြားသောက်ရေပြတ်လပ်မှုတွေလည်း မဖြစ်ပေါ်တော့ဘူး။ အကျိုးတွေကတော့ အများကြီးပါပဲ။ တကယ်တော့ စိုက်ပျိုးရေးကိစ္စတွေ ပေါ်လာတဲ့အခါမှာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ စပါးကျီလို့ပြောနေတဲ့ သဖန်းဆိပ်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာတွေ၊ ဒီရဲ့အထက်မှာ ကောလင်းရှိတာဖြစ်တဲ့အတွက် ကောလင်းဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ စပါးကျီကိုလည်း အားဖြည့်ပေးနိုင်မှာဖြစ်ပါတယ်။

## ကောလင်းမြို့အတွက် မဖြစ်ပါဘူး

ဒုတိယဝန်ကြီးဖြေသွားတာကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လာဖြေသွားတာဖြစ်ပါတယ်။ သူတို့ကတော့ တည်ဆောက်နေပါတယ်ဆိုတဲ့ အနေအထားကိုဖြေတာ ဖြစ်ပါတယ်။ တကယ်တော့ တည်ဆောက်တာက ဝန်းသိုမြို့ရဲ့အထက်က ဒေါင်းမြူချောင်းရဲ့တာတမံကိစ္စ တည်ဆောက်တာဖြစ်ပါတယ်။ အဲဒါဟာ ကောလင်းမြို့အတွက် မဖြစ်ပါဘူး။ ဒါနဲ့ပတ်သက်ပြီး Survey လုပ်ထားတဲ့ကိစ္စတွေ ကြားထားပါတယ်။ ကောလင်းမြို့ကို ကျွန်တော် အကြိမ်ကြိမ် သွားရောက်လေ့လာခဲ့ပါတယ်။

## ကျေးဇူးတင်စရာဖြစ်ပါတယ်

ပြီးခဲ့တဲ့နှစ်က ရေရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနကို အကူအညီတောင်းတဲ့အခါမှာ ဝန်ကြီးဌာနက လိုလိုချင်ချင်၊ လိုက်လိုက်ရောရောနဲ့ အဝီစိရေ၊ မြေအောက်ရေရရှိရေး တွင်းတူး ကူညီဆောင်ရွက်ပေးပါတယ်။ အဲဒါကလည်း ကျေးဇူးတင်စရာဖြစ်ပါတယ်။ အခု Survey လုပ်ထားတာကို ကြားထားတဲ့အတွက် တာတမံတစ်ခုရှိမှုဖြစ်မယ်ဆိုတဲ့ အတိုင်းအတာတစ်ခုကိုလည်း သိထားပါတယ်။ အဲဒါကို လယ်/ဆည်ဝန်ထမ်းတွေက ဒါလုပ်ရင်ကောင်းတယ်ဆိုတာကိုလည်း အကြံပေးပါတယ်။ ဒါနဲ့ ပတ်သက်ပြီး လယ်/ဆည်ဝန်ကြီးဌာနကို မေးပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ လယ်/ဆည်ဝန်ကြီးဌာနက Survey မလုပ်ရသေးသော်လည်း Survey လုပ်သွားမယ်။ ပြီးတော့ လိုအပ်တဲ့တာတမံတည်ဆောက်ရေးကိစ္စတွေကို ဝိုင်းဝန်းကူညီဆောင်ရွက်သွားမယ်လို့ ဖြေကြားသွားတဲ့အတွက် ဒါဟာ အင်မတန်မှ ကောင်းမွန်တဲ့ရလဒ်ကောင်းတစ်ခုထွက်လာတယ်လို့၊ နယ်သူနယ်သားတွေအတွက် ဝမ်းသာစရာသတင်းတစ်ခုဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ကျေးဇူးလည်းတင်တယ်လို့ ပြောရပါမယ်။



# တစ်နာရီရေဂါလန် ၄၀ အလိုအလျောက်ထွက်သည့် ရေလျှံတွင်း မိတ္ထီလာ မြင်းရွာ၌ တွေ့ရှိ

**မိတ္ထီလာ အောက်တိုဘာ ၉**

မိတ္ထီလာခရိုင် ခင်တဲကျေးရွာအုပ်စု မြင်းရွာတွင် တောင်သူဦးမင်းအောင်၏ လယ်ကွက်အနီး အဝီစိစက်ရေတွင်းတူးဖော်ရာမှ တစ်နာရီ ရေဂါလန် ၄၀ အလိုအလျောက်ထွက်ရှိသည့် ရေလျှံတွင်းတစ်ခုကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက တွေ့ရှိကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီးအစိုးရ အစီအစဉ်နဲ့ အဝီစိစက်ရေတွင်းတွေ တူးဖော်ဖို့ ကျေးလက်ဒေသက စပါးစိုက်တောင်သူတွေအတွက် ဈေးငွေထုတ်ချေးပြီး တူးတဲ့တွင်းပါ။ လေးလက်မ တူးဖို့ ရည်မှန်းထားတာ။ ပထမ နှစ်လက်မတူးမယ်။ ပြီးမှ ထပ်ပြီးချဲ့တူးမယ်ဆိုပြီး ရည်မှန်းထားတာ။ နှစ်လက်မတူးတော့ ၁၂၅ ပေ အရောက်မှာ ရေအောင်ပြီး အခုလို အလိုအလျောက် ရေလျှံတက်တာကို တွေ့ရတာ။ မိတ္ထီလာ အနောက်ဘက် လက်ကကျေးရွာတွေမှာ ဘိုးဘွားတွေ လက်ထက်ကတည်းက ရေလျှံတွင်း ဆိုတာ မရှိခဲ့ဖူးဘူး။ ရေရှားတဲ့ဒေသတွေလေ။ အခုလိုမျိုး ရေလျှံတွင်း ထွက်တော့ စိုက်ပျိုးရေအတွက် မပူရတော့ဘူး။ ရေကလည်း ချိုတော့ သောက်သုံးရေအဖြစ်ပါ သုံးစွဲနိုင်ပြီ" ဟု စက်ရေတွင်းတူးဆရာက ပြောပြသည်။

အဆိုပါ ရေလျှံတွင်း တွေ့ရှိရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ဆည်မြောင်းဦးစီးဌာနမှ AE ဦးတင့်လွင်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာနှင့် မြို့နယ်စည်ပင်သာယာရေးအကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**















# ကမ္ဘာ့ဖလား တောင်အမေရိကဇုန်ခြေစစ်ပွဲ ရန်ခုန်သံ

၂၀၁၄ ကမ္ဘာ့ဖလား တောင်အမေရိကဇုန်ခြေစစ်ပွဲတွေကိုအောက်တိုဘာ ၁၂ ရက်မှာ ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ခြေစစ်ပွဲတွေအထဲမှာ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ ရုန်းကန်နေရတဲ့ ဥရုဂွေးရဲ့အလားအလာက စိတ်ဝင်စားဖို့ကောင်းပါတယ်။

**ဗင်နီဇွဲလား-ပါရာဂွေး** **နံနက် ၃း၀၀ (၁၂-၁၀-၁၃)**

ပါရာဂွေးက မျှော်လင့်ချက်မရှိတော့ပေမယ့် ကစားသမားအင်အားတောင့်တင်းပါတယ်။ ဗင်နီဇွဲလားကအိမ်ကွင်းအားသာချက်ရှိပေမယ့် အသင်းလိုက်စုဖွဲ့မှုမှာ ပါရာဂွေးကိုမမီပါဘူး အပြန်အလှန်တံ့ပြန်ကစားရမယ့် ပွဲဖြစ်ပြီးအကြိတ်အနယ်ရှိမှာဖြစ်သလို သရေကျသွားဖို့များပါတယ်။

**အီကွေဒေါ-ဥရုဂွေး** **နံနက် ၃း၃၀ (၁၂-၁၀-၁၃)**

အမှတ်တူအနေအထားနဲ့ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့ ပြိုင်နေရတဲ့နှစ်သင်းဆုံပွဲပါ။ အီကွေဒေါရဲ့ခြေကမဆိုးသလို အိမ်ကွင်းအားသာချက်လည်းရှိပါတယ်။ ဒါပေမယ့် ဥရုဂွေးက ကစားသမားအင်အားပိုင်း ပိုမိုပြည့်စုံသလို တိုက်စစ်မှူးကောင်းတွေလည်းပိုများပါတယ်။

**ကိုလံဘီယာ-ချီလီ** **နံနက် ၃း၃၀ (၁၂-၁၀-၁၃)**

ကိုလံဘီယာက ဒီပြိုင်ပွဲနိုင်ပြီဆိုတာနဲ့ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ဖို့သေချာမှာဖြစ်တာကြောင့် တိုက်စစ်ဖွင့်ကစားလာမှာပါ။ ဒါ့အပြင်အိမ်ကွင်းအားလည်းရှိပါတယ်။ ချီလီကလည်းတိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ဖို့ အတွက်အားစိုက်လာမှာဖြစ်တယ်။

**အာဂျင်တီးနား-ပီရူး** **နံနက် ၅း၃၀ (၁၂-၁၀-၁၃)**

အာဂျင်တီးနားက ခြေစစ်ပွဲအောင်မြင်နေပြီဖြစ်ပေမယ့် ပီရူးကတော့ မျှော်လင့်ချက်မရှိတော့ပါဘူး။ ဒါကြောင့် နှစ်သင်းစလုံးရဲ့ရုန်းအားကလည်း သာမန်ထက်မပိုနိုင်ပါဘူး။ ဒီနှစ်သင်းကိုနှိုင်းယှဉ်ကြည့်မယ်ဆိုရင် အာဂျင်တီးနားက အစစအားသာသလိုအိမ်ကွင်းအားလည်းရှိပါတယ်။

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| အာဂျင်တီးနား | ၁၄ | ၈ | ၅ | ၁ | ၃၀ | ၁၀ | ၂၉ |
| ကိုလံဘီယာ | ၁၄ | ၈ | ၂ | ၄ | ၂၂ | ၉ | ၂၆ |
| ချီလီ | ၁၄ | ၈ | ၀ | ၆ | ၂၄ | ၂၁ | ၂၄ |
| အီကွေဒေါ | ၁၄ | ၆ | ၄ | ၄ | ၁၈ | ၁၄ | ၂၂ |
| ဥရုဂွေး | ၁၄ | ၆ | ၄ | ၄ | ၂၂ | ၂၂ | ၂၂ |
| ဗင်နီဇွဲလား | ၁၅ | ၅ | ၄ | ၆ | ၁၃ | ၁၉ | ၁၉ |
| ပီရူး | ၁၄ | ၄ | ၂ | ၈ | ၁၅ | ၂၂ | ၁၄ |
| ဘိုလီးဗီးယား | ၁၅ | ၂ | ၅ | ၈ | ၁၆ | ၂၉ | ၁၁ |
| ပါရာဂွေး | ၁၄ | ၃ | ၂ | ၉ | ၁၅ | ၂၈ | ၁၁ |

ရှိုင်းမင်းမင်း

# ပရီမီယာလိဂ်စက်တင်ဘာတစ်လတာအကောင်းဆုံးဆုများ အာဆင်ဝင်းဂါးနှင့်ရမ်ဆေးတို့ဆွတ်ခူး

ငွေကြယ်

အာဆင်နယ်အသင်းသည် ယခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲတွင် ခုနစ်ပွဲကစားပြီးနောက် ရမှတ် ၁၆ မှတ်ရရှိထားကာ အမှတ်ပေးဇယားကို ဦးဆောင်လျက်ရှိသည့်အသင်းဖြစ်သည်။ အဆိုပါရလဒ်ထွက်ပေါ်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြအာစင်ဝင်းဂါးသည် တစ်လတာအတွင်းကစားခဲ့သည့် ပရီမီယာလိဂ်လေးပွဲဆက်နိုင်ပွဲရရှိခဲ့မှုကြောင့် စက်တင်ဘာတစ်လတာ ပရီမီယာလိဂ်အကောင်းဆုံးနည်းပြဆု ချီးမြှင့်ခြင်းခံခဲ့ရပြီး အာဆင်နယ်အသင်းအတွက် အကောင်းမွန်ဆုံး ခြေစွမ်းနှင့်အတူ လေးပွဲကစားပေးခဲ့ရာတွင် လေးဂိုးသွင်းယူပေးနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးကိုလည်း စက်တင်ဘာတစ်လတာ ပရီမီယာလိဂ်အကောင်းဆုံးကစားသမားဆုကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးသည် ဆန်းဒါးလန်းအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အာဆင်နယ်အသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့ခြင်းအပါအဝင် စတုတ်စီးတီးအသင်းနှင့် ဆွမ်ဆီးအသင်းတို့အား အနိုင်ရရှိခဲ့သည့် ပွဲစဉ်နှစ်ခုတွင်လည်း အနိုင်ဂိုးများ သွင်းယူပေးနိုင်ခဲ့ခြင်းတို့ကြောင့် ယခုကဲ့သို့ စက်တင်ဘာတစ်လတာ ပရီမီယာလိဂ်အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် အိမ်ကွင်းအမ်းမရိတ်၌ အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အာဆင်နယ်ပရိသတ်၏ ဝေဖန်ပြစ်တင်မှုများကို ခံခဲ့ရပြီးနောက် အသင်းအတွက်လိုအပ်နေသည့် ကွင်းလယ်ပိုင်းကို ရီးယဲလ်မက်ဒရစ်ကွင်းလယ်ကစားသမား အိုဇေးလ်အား ပေါင် ၄၂ ဒသမ ၄ သန်းဖြင့် ခေါ်ယူအားဖြည့်ကာ အသင်းကို အကောင်းဆုံးပုံဖော်ပေးနိုင်ခဲ့သည့် ဝါရင့်နည်းပြတစ်ဦးအဖြစ် ရပ်တည်လျက်ရှိပြီး ယခုဆုမှာ (၁၃)ကြိမ်မြောက်အဖြစ် ဆွတ်ခူးရရှိခဲ့ခြင်းလည်း ဖြစ်သည်။



# ညို့ဓာတ်အပြင်းဆုံးအမျိုးသမီးအဖြစ် ဒုတိယအကြိမ်မြောက် ဂုဏ်ပြုခံရသူ စကားလက်ဂျိုဟန်ဆန်



အမေရိကန် ရုပ်ရှင်သရုပ်ဆောင်၊ မော်လ်ဒယ်နှင့် အဆိုတော်တစ်ဦးဖြစ်သူ စကားလက်ဂျိုဟန်ဆန်အား Esquire အမျိုးသားမဂ္ဂဇင်းက ညို့ဓာတ်အပြင်းဆုံး အမျိုးသမီးအဖြစ် ဒုတိယအကြိမ်မြောက်ထပ်မံဂုဏ်ပြုပေးခဲ့ကြောင်း သိရသည်။The Avengers ဇာတ်ကားနှင့် Lost in Translation ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ နာမည်ကျော်မင်းသမီး စကားလက်ဂျိုဟန်ဆန်က ၂၀၀၆ ခုနှစ်ကလည်း ယင်းကဲ့သို့ ဂုဏ်ပြုခြင်းခံခဲ့ရပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်ဖြစ်သည်။ စကားလက်ဂျိုဟန်ဆန်အနေဖြင့် တစ်နှစ်တာလုံး ဝါသနာပါသည့် အနုပညာအလုပ်များကို မနားတမ်းအဆက်မပြတ်လုပ်လာခဲ့ပြီး အနားယူရန် ပြင်ဆင်နေကြောင်း အဆိုပါမဂ္ဂဇင်းသို့ပြောကြားခဲ့သည်။

စကားလက်ဂျိုဟန်ဆန်သည် နိုဝင်ဘာလထုတ် အဆိုပါမဂ္ဂဇင်း၏ မျက်နှာဖုံးဓာတ်ပုံရိုက်ကူးပေးခဲ့ပြီး ယင်းသည် ၎င်းအတွက် နောက်ဆုံးလုပ်ငန်းပင်ဖြစ်ကြောင်း၊ ခြေကုန်လက်ပန်းကျနေသည့် ၎င်းအတွက် အချိန်အတော်ကြာကြာ အနားယူရန် ပြင်ဆင်နေကြောင်း သိရသည်။

# စစ်ရေးတာဝန်များအပြီး ပထမဆုံးသောရှိုးပွဲကို ဂျပန်တွင်ပြန်လည်စတင်မည့် ရိန်း

ဖြိုးစန္ဒာမြင့်-ရေးသားသည်

စစ်ရေးတာဝန်များထမ်းဆောင်အပြီး ကျူဘ်ဒီစီ အင်န်တာတိန်းမန့်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့သည့် တောင်ကိုရီးယားကေပေါ့ပ်နှင့် ရုပ်ရှင်ကြယ်ပွင့်ရိန်းက ၎င်း၏ပထမဆုံးသော ဂီတဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဂျပန်နိုင်ငံ နာဂိုယာမြို့၌ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက အောက်တိုဘာ ၈ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဖျော်ဖြေပွဲကို 2013 Rain Zepp Tour: Story of Rain ဟု အမည်ပေးထားပြီး ယင်းခရီးစဉ်တွင် ရိန်းက ၎င်း၏ ဂီတလောကသက်တမ်း(၁၁)နှစ်ပြည့်အဖြစ် Fukuoka၊အိုဆာကာနှင့် တိုကျိုမြို့များတွင်လည်း သွားရောက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင်လတွင် တာဝန်များပြီးမြောက်ခဲ့သည့် အသက်(၃၁)နှစ်အရွယ် ရိန်းသည် တပ်မတော်တွင် ၂၁ လကြာ တာဝန်များထမ်းဆောင်ခဲ့ပြီး တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မင်းသမီး ကင်မ်တေဟီးနှင့် ချိန်းတွေ့ခဲ့မှုအတွက် ပြစ်ဒဏ်ပေးခြင်းလည်း ခံခဲ့ရသူဖြစ်သည်။

တောင်ကိုရီးယားအမျိုးသားသရုပ်ဆောင်များအနေဖြင့် ယူနီဖောင်းဖြင့် တပ်မတော် တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ပရိသတ်များက ၎င်းတို့အား မေ့ပျောက်သွားမည်စိုးသဖြင့် ရံဖန်ရံခါတွင် အဆိုပါတာဝန်များကို ရှောင်လွှဲလိုသည့်ဆန္ဒများ ဖြစ်ပေါ်ခဲ့ကြကြောင်း သိရသည်။







စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၁၃)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါကိစ္စများအတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်း/ပြုပြင်ခြင်း(Retender)

(က) စက်နှင့်စက်အရံပစ္စည်းများ -Positioner, Pressure Relief Valve, Plasma Jet Ignition System

(ခ) ပြုပြင်ခြင်းလုပ်ငန်းများ -ကျော်စွာဓာတ်မြေသြဇာစက်ရုံရှိ ရေတင်ဗောဓ (Pontoon) ဆယ်ယူခြင်းလုပ်ငန်း

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း(Retender)

(က) ဓာတုဗေဒပစ္စည်း-Monoethanolamine(MEA)

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၁၁-၁၀-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၁၀-၂၀၁၃ ရက် ၁၂း၃၀ နာရီ (မြန်မာကျပ်ငွေ)

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၄-၁၀-၂၀၁၃ရက် ၁၂း၃၀ နာရီ (နိုင်ငံခြားငွေ)

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃






# မြစ်သားမြို့နယ်အတွင်း ရွှေ့ပြောင်းဘဲမွေးမြူရေးလုပ်ငန်း ကျယ်ပြန့်စွာလုပ်ကိုင်လျက်ရှိ

**မြစ်သား အောက်တိုဘာ ၉**

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်း သီလင်ကျေးရွာနှင့် ခန္တီးကြီးကျေးရွာများအနီးတစ်ဝိုက် လယ်ကွက်များနှင့်ရေမြောင်းများတွင် စဉ့်ကိုင်မြို့နယ်မှ ရွှေ့ပြောင်းဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူများ ကျယ်ပြန့်စွာလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

ဘဲမွေးမြူရေးလုပ်ကိုင်သူတစ်ဦးသည် ဘဲကောင်ရေ ၁၆၀၀ နှင့် ၂၀၀၀ ကြား မွေးမြူလေ့ရှိပြီး ဘဲကောင်ရေ ၁၀၀၀ လျှင် တစ်နေ့ ဘဲဥ ၈၀၀ ခန့် ဥသည်။ မွေးမြူထားသည့် ဘဲအနည်းငယ်သည် နေ့စဉ်ဥလေ့မရှိဘဲ ရက်ခြားဥခြင်းကြောင့် ဘဲကောင်ရေ ၁၀၀၀ လျှင် တစ်နေ့ဘဲဥ ၈၀၀ ခန့်သာ ရတတ်သည်ဟု ဆိုသည်။ ဘဲမွေးမြူရေးလုပ်ကိုင်သူများသည် ရာသီကာလကို မှန်းဆမွေးမြူကြရပြီး မိုးကြိုစပါး စတင်စိုက်ပျိုးပြီးသည့် ကဆုန်၊ နယုန်လများတွင် ဘဲမွေးမြူရေးလုပ်ငန်းကို စတင်လုပ်ကိုင်ကြသည်။ လုပ်ငန်းမစတင်မီ အချိန်တစ်လခန့်ယူကာ လုပ်ငန်းကြိုတင်ပြင်ဆင်ရသည်။ မွေးမြူမည့်ဘဲများကို မန္တလေးမှ ဝယ်ယူခြင်း၊ ဘဲများကို ရွေးချယ်ခြင်း၊ ကောင်းစွာအစာကျွေးခြင်းများ ကြိုတင်ပြုလုပ်ရသည်။ များသောအားဖြင့် ဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများသည် ရင်းနှီးငွေများ အကုန်အကျသက်သာစေရန် လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူလေ့ရှိပြီး ညအိပ်ရန်သာ ခြံအတွင်းဘဲများကို မောင်းသွင်းစောင့်ရှောက်လေ့ရှိသည်။ သီလင်၊ ခန္တီးကြီး အနီးတစ်ဝိုက်သို့ လာရောက်ဘဲမွေးမြူသူများမှာ ရိတ်သိမ်းပြီးစိုက်ခင်းထဲမှ အကြွင်းအကျန်သလေးများနှင့် အန့်များကို ဘဲစာအဖြစ် လိုက်လံကောက်ယူကျွေးမွေးကာ ဘဲအုပ်များအား စိုက်ခင်းအနီးရှိ ရေမြောင်းများအတွင်း လွှတ်ကျောင်းစနစ်ဖြင့်လည်း အစာကို ရှာဖွေစားသုံးစေခြင်းဖြင့် ဘဲစာဖိုးများစွာ သက်သာလေသည်။

"ဘဲစာကို ရိတ်သိမ်းပြီးတဲ့ စိုက်ခင်းတွေထဲမှာ လိုက်လံကောက်ယူရတယ်။ တောင်သူလည်း သုံးလို့မရတော့တဲ့ သလေးအန့်အကျန်တွေကို လိုက်လံစုစည်းကောက်ယူကျွေးမွေးတာပါ။ လူတော့ပင်ပန်းပေမယ့် ဘဲစာဖိုးကုန်ကျစရိတ်တော့ သက်သာပါတယ်။ ဥဥတာ ကျေနပ်လို့ ကိုယ်ရောင်းချင်တဲ့ ဘဲတွေကိုတော့ မော်လမြိုင်နဲ့ တောင်ကြီးမြို့တွေကို တင်ပို့ရောင်းချပါတယ်။ ဘဲတစ်ကောင်ရဲ့ တန်ဖိုးက အရည်အသွေးပေါ်မူတည်ပြီး တစ်ကောင် ကျပ် ၃၀၀၀ ကနေ ၄၀၀၀ အထိ ရှိပါတယ်" ဟု သီလင်ကျေးရွာအနီးတွင် ဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လူငယ်တစ်ဦးက ပြောသည်။

တစ်ပိုင်တစ်နိုင် မွေးမြူရေးများမှတစ်ဆင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းအဆင့်အထိ တဖြည်းဖြည်းတိုးချဲ့လုပ်ကိုင်ကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်နိုင်သည့် ဘဲမွေးမြူရေးလုပ်ငန်းများကို ကြိုးစားလုပ်ကိုင်လိုသူများအတွက် လေ့လာရေးသားတင်ပြလိုက်ပါသည်။

**ချမ်းသာ(မိတ္ထီလာ)**





# စီမံကိန်းကြောင့် ဆုံးရှုံးသွားသည့်မြေများကို နေရာသစ်ပြန်လည်ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်

**ကလေး အောက်တိုဘာ ၉**

ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်း တည်ဆောက်ရာတွင် တမံဖို့ရန်အတွက် မြေယူခြင်း၊ ရေဝပ်ဧရိယာအတွင်းကျရောက်၍ ရေနစ်မြုပ်ခြင်း၊ စီမံကိန်းအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်းစသည်တို့ကြောင့် လယ်ယာမြေများဆုံးရှုံးသွားခြင်းကို ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းဧရိယာအတွင်း လယ်ယာမြေများ အစားထိုးပြန်လည်ဖော်ထုတ်ပေးရေးစိစစ်မှုအဖွဲ့၏ တွေ့ရှိချက်အရ တောင်သူ ၄၁ ဦး၊ လယ်မြေ ၄၂၃ ဧက ဆုံးရှုံးမှုအစား အမှန်တကယ်ဆုံးရှုံးသော တောင်သူ ၃၇ ဦး၏ မြေဧရိယာ ၃၀၉ ဧရိယာကို အစားထိုးပေးသွားမည် ဖြစ်ကြောင်း သိရသည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင်လှိုင်က ပြောသည်။

လယ်ယာမြေများ အစားထိုးပြန်လည်ဖော်ဆောင်ပေးနိုင်ရေးအတွက် စိုက်ပျိုးမြေနေရာအား ကလေး-တမူးကားလမ်း၏အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ ဘုန်းသစ်တောကြိုးဝိုင်းအတွင်း လယ်ယာမြေဖော်ထုတ်၍ လယ်သမား ၃၇ ဦးအတွက် အစားထိုးဆောင်ရွက်ပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(လင်းလက်ကြယ်စင်)**

# မော်လူးတိုက်နယ်ဆေးရုံသို့ ရေသန့်စင်စက် လှူဒါန်း

**မော်လူး အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ တိုက်နယ်ဆေးရုံသို့ ၁၀၀၀ လီတာ ရေသန့်စက်လှူဒါန်းခဲ့ကြောင်း သိရသည်။ မော်လူးတိုက်နယ်ဆေးရုံရှိ ဆရာဝန်နှင့်ဝန်ထမ်းများ၊ တက်ရောက်ကုသလျက်ရှိသောလူနာများ သန့်ရှင်းသော သောက်ရေသန့်ရရှိသောက်သုံးနိုင်ရန်အတွက် မော်လူးအုပ်စု ငွေ့ကြီးကျေးရွာမှ ဦးမောင်စိုး(ခ)ဦးသံချောင်း-ဒေါ်ငွေးငွေးမိသားစုက နှစ်ဖက်မိသားစုများအား အမှူးထားပြီး ၁၀၀၀ လီတာ ရေသန့်စက်ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါရေသန့်စက်သည် ကာလတန်ဖိုး ငွေကျပ် ၁၇ သိန်းကုန်ကျပြီး ရန်ကုန်မြို့ ဝေနေယျသုခ ရေချမ်းစင်အဖွဲ့မှ ငွေကျပ်ခုနစ်သိန်းကုန်ကျခံပေးခဲ့သဖြင့် စုစုပေါင်းကာလတန်ဖိုး ငွေကျပ် ၂၄ သိန်း ကုန်ကျကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမဦးစီးဌာန ရုံးအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အုတ်တံတိုင်းကာရံခြင်းလုပ်ငန်းများအား အောက်ပါအတိုင်း ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | နေရာ | အဆောက်အအုံအမျိုးအစား |
|---|---|---|
| (က) | ဇမ္ဗူသီရိမြို့နယ် | နေပြည်တော်သမဝါယမဦးစီးဌာနရုံး RC တစ်ထပ် ပေ(၁၀၀×၄၈×၁၂)နှင့် ပေ ၂၀၀ ပတ်လည် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း |
| (ခ) | ဇမ္ဗူသီရိမြို့နယ် | မြို့နယ်သမဝါယမဦးစီးဌာနရုံး RC တစ်ထပ် ပေ(၆၀×၃၄×၁၂)နှင့် ပေ ၁၀၀ပတ်လည် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း |
| (ဂ) | ဒက္ခိဏသီရိမြို့နယ် | မြို့နယ်သမဝါယမဦးစီးဌာနရုံး RC တစ်ထပ် ပေ(၆၀×၃၄×၁၂)နှင့် ပေ ၁၀၀ ပတ်လည် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း |
| (ဃ) | ဥတ္တရသီရိမြို့နယ် | မြို့နယ်သမဝါယမဦးစီးဌာနရုံး RC တစ်ထပ် ပေ(၆၀×၃၄×၁၂)နှင့် ပေ ၁၀၀ ပတ်လည် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း |
| (င) | ပုဗ္ဗသီရိမြို့နယ် | မြို့နယ်သမဝါယမဦးစီးဌာနရုံး RCတစ်ထပ် ပေ(၆၀×၃၄×၁၂)နှင့် ပေ ၁၀၀ ပတ်လည် အုတ်တံတိုင်းကာရံခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဗီသုကာပုံစံများကို ၄-၁၀-၂၀၁၃ ရက်မှစ၍ နေပြည်တော်အဆင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ၊ နေပြည်တော်သမဝါယမဦးစီးဌာနရုံး၊ ယုဇနလမ်းနှင့် ၁၉ လမ်းထောင့်နှင့် နှင်းဆီပန်းအဝိုင်းအနီး၊ ပေါင်းလောင်းတိုးချဲ့ (၂)ရပ်ကွက် ပျဉ်းမနားမြို့တွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၄-၁၁-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၅။ အသေးစိတ်သိရှိလိုပါက နေပြည်တော်သမဝါယမဦးစီးဌာန ဖုန်း-၀၆၇-၂၁၀၉၀၊ ဦးမျိုးချစ်၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၂၅၄၀၂၃၇၆၄၊ ဦးအောင်ဝင်း လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၄၄၀၂၀၃၀၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**နေပြည်တော်အဆင့်**
**တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ စက်မှုပညာပြန်ကြားရေးဌာန(စာကြည့်တိုက်)အတွက် Technical Books များကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် - ၇-၁၀-၂၀၁၃မှ ၁၈-၁၀-၂၀၁၃ရက်အထိ

၃။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမှတ်(၆)၊ ကမ္ဘာအေးစေတီလမ်းနှင့်ကံဘဲ့လမ်းဒေါင့် ဖုန်း-၀၁-၆၆၃၀၇၁၊ ၀၉-၄၅၂၃၃၃၁၂၂ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် အဆောက်အအုံများအား အထွေထွေပြုပြင်ခြင်းလုပ်ငန်းများဖြစ်သည့် လက်သမားလုပ်ငန်း၊ ပန်းရံလုပ်ငန်း၊ ဆေးသုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၃၁-၁၀-၂၀၁၃ ရက်၊ မွန်းလွဲ ၁း၀၀ နာရီ

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်)ဖုန်း-၀၆၄-၂၃၅၈၁၊ ၀၉-၄၀၂၇၃၉၈၀၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း**
**မိတ္ထီလာမြို့**

## နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်-

(၁) ခြံဝင်းကျယ်ရောင်းရန်ရှိသည်
(၂) သစ်စက်အကြီး၊ ဖက်စပ်လုပ်ငန်းလုပ်ကိုင်လိုပါသည်။

**ဖုန်း-၀၉-၈၃၀၆၂၆၁၊ ၀၆၇-၃၀၂၉၆**

## ပညာရေးဝန်ကြီးဌာန
## အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## NATIONAL MANAGEMENT COLLEGE
## ဒီပလိုမာသင်တန်းများအတွက်သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Winner Computer Group တို့ပူးပေါင်း၍ အောက်ပါဒီပလိုမာသင်တန်းအမှတ်စဉ်(၂၇)ကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ သင်တန်းအမည် - (က) Diploma in Information and Communication Technology (DICT)
(ခ) Diploma in Software Engineering (DSE)
(ဂ) Diploma in Hardware Engineering (DHE)
(ဃ) Diploma in Network Engineering (DNE)

၂။ အနိမ့်ဆုံးပညာအရည်အချင်း - တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆို၊ အောင်မြင်ပြီးသူများဖြစ်ရမည်။

၃။ သင်တန်းကာလ - (၁)နှစ် (Projcet အပါအဝင်)

၄။ စတင်ဖွင့်လှစ်မည့်နေ့ရက် -၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်-(Winner Computer Group) လေးထပ်ဆောင်၊ ကုန်သည်လမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၁၉၁၃၊ ၀၁-၇၀၃၂၃၀ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး DDP (ပေါင်းလောင်း) မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

| | |
|---|---|
| Tender No.16/HPGE/2013-2014 | |
| (က) Micom Relay (P643) | (4)Nos |
| Tender No.17/HPGE/2013-2014 | |
| (ခ) စက်ရုံများအတွက် Digital Meter | (61)Nos |
| Tender No.18/HPGE/2013-2014 | |
| (ဂ) ကင်းတားနှင့်ဆည်တော်ကြီးစက်ရုံအတွက် 132KV LA | (2)Sets |
| Tender No.19/HPGE/2013-2014 | |
| (ဃ) ရုံးချုပ်နှင့်စက်ရုံများအတွက်ဘက်ထရီအမျိုးအစား(၅)မျိုး | (280)Nos |

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် မွန်းတည့်၁၂နာရီဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၆၈နှင့်၄၁၁၀၇၆**



# ပြင်ဦးလွင်မှမျက်မမြင်များ လမ်းလျှောက်လေ့ကျင့်

**ပြင်ဦးလွင် အောက်တိုဘာ ၉**

ပြင်ဦးလွင်မြို့နယ် ပရဟိတ မျက်မမြင် ပညာသင်ကျောင်းမှ ဆရာတော် ဦးဥေ ယျဦးစီးသော ကျောင်းသား ကျောင်းသူ ၁၁၀ ခန့်သည် အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် ကျင်းပမည့်အပြည်ပြည်ဆိုင်ရာနိုင်ငံတကာ လမ်းလျှောက်တုတ်များနေ့ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အစမ်းလေ့ကျင့်မှုများကို စဉ်ဆက်မပြတ် လေ့ကျင့်လျက်ရှိရာ အောက်တိုဘာ ၆ ရက်တွင် ပြင်ဦးလွင်မြို့နယ် မျက်မမြင်ပရဟိတကျောင်းမှ မြို့တွင်းသို့ အစမ်းလေ့ကျင့်လမ်းလျှောက်ခဲ့ရာ**(အပေါ်ပုံ)** လမ်းဘေးဝဲယာတစ်လျှောက်တွင် အလှူရှင်များက အချိုရည်များ၊ ရေသန့်များ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို ပါဝင်လှူဒါန်းပေးကြသည်။

လူငယ်များသည် အောက်တိုဘာ ၉ ရက်တွင် ပြင်ဦးလွင်-မိုးကုတ်လမ်းပိုင်း၌ ဆက်လက်လေ့ကျင့်မည်ဖြစ်သည်။ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် (INTERNATIONAL WHITE CANE DAY) ပြိုင်ပွဲတွင် ပြင်ဦးလွင်မြို့မှ မျက်မမြင်လမ်းလျှောက်များနှင့်အတူ ရန်ကုန်မြို့မှ ပြိုင်ပွဲဝင် ၂၀ နှင့် မန္တလေးမြို့မှ ပြိုင်ပွဲဝင် ၁၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယခင်နှစ်များကလည်း ပြင်ဦးလွင်မျက်မမြင်ပညာသင်ကျောင်းမှ ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် ဆုအများဆုံးရရှိခဲ့သည်ဟု သိရသည်။

**(ဇော်မင်းထွေး)**

အစိုးရ/စီးပွားရေးကြော်ငြာ

# နမ့်ဆန်မြို့နယ်ကျန်းမာရေးမိသားစု လူမှုရေးအသင်းများသို့ အလှူငွေများလှူဒါန်း

**နမ့်ဆန် အောက်တိုဘာ ၉**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောသူရိန်ဦးဆောင်သော ကျန်းမာရေးမိသားစုတို့က နမ့်ဆန်မြို့နယ်တွင် ပြည်သူလူထု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော မြို့နယ်စိမ်းလန်းစိုပြည်ရေးအသင်းသို့ ငွေကျပ် ၂၇၀၀၀၀၊ သံသရာခရီးသည် နာရေးကူညီမှုအသင်းသို့ ငွေကျပ် ၁၀၀၀၀၀၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေးနှင့် နာရေးကိစ္စများ လစဉ်ဆောင်ရွက်ပေးနေသော ကာလဒါနအသင်းသို့ ငွေကျပ် ၁၀၀၀၀၀၊ ဓမ္မစာပေ၊ ဓမ္မတရားခွေများ အခမဲ့ငှားရမ်းပေးခြင်း၊ ကလေးသူငယ်များအား ယဉ်ကျေးလိမ္မာကလေးသင်တန်းများ ကျင်းပပေးလျက်ရှိသော ဓမ္မရောင်ခြည်လုပ်ငန်း(၂၆၇) နမ့်ဆန်မြို့ ဓမ္မစက္ကူအသင်းသို့ ကျပ် ၆၀၀၀၀ နှင့် စာဖတ်သူများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ဆောင်ရွက်နေသည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် သုတ၊ ရသစာအုပ်များ ဝယ်ယူဖြည့်တင်းနိုင်ရန်အတွက် ကျပ် ၅၀၀၀၀ တို့ကို သက်ဆိုင်ရာအသင်းများသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# အမ်းမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး(ဖလား) ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**အမ်း အောက်တိုဘာ ၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်ဈေးရပ်ကွက် အားကစားကွင်း၌ မြို့နယ်အုပ်ချုပ်ရေးမှူး(ဖလား) အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက်က ကျင်းပသည်။

